mgyoe.com SAMPLE BOOK

KITCHEN

BANANA YOSHIMOTO



# မီး ဖို ချောင် ထဲ က လ ရိပ်

မောင်ဒေး (မြန်မာပြန်)

mgyoe.com

Third Printing

mgyoe.com SAMPLE BOOK

“ယိုရှိမိုတိုရဲ့ဝတ္ထုတွေဟာ ရတနာကြုတ်ဘူးတွေလိုပဲ။”

VANITY FAIR

8000 Ks

9 248480 505689

Cover Design: Maung Day

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK



# မီးဖိုချောင်ထဲက လရိပ်

## မောင်ဒေး

(မြန်မာပြန်သည်)

## Kitchen

by Banana Yoshimoto

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း −၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၆၀ ၉၇ ၉၃၉၃
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

မီးဖိုချောင်ထဲက လရိပ်

မောင်ဒေး (မြန်မာပြန်သည်)

တတိယအကြိမ်၊ ဇန်နဝါရီ၊ ၂၀၂၅(နှစ်ကာလများစာပေ)။

ဒုတိယအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၁၉(နှစ်ကာလများစာပေ)။

ပထမအကြိမ်၊ ဩဂုတ်၊ ၂၀၁၄ (လေှခါးစာပေ)။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၈၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး၊ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ မီးဖိုချောင် ၇

၂။ လရိပ် ၁၃၉




mgyoe.com

mgyoe.com SAMPLE BOOK

ဒီစာအုပ်ဟာ ဂျပန် စာရေးဆရာမ ဘနားနား ယိုရှိမိုတိုရဲ့ Kitchen ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်တယ်။ ကနေ့ ခေတ်ပြိုင် ဂျပန်နိုင်ငံရဲ့ လူမှုဘဝကို ရောင်ပြန်ဟပ်တဲ့ ဝတ္ထုလတ် နှစ်ပုဒ် ပါဝင်ပြီး အဲဒီဝတ္ထုတွေဟာ မိခင်၊ သေခြင်းတရား၊ လိင်ပြောင်းလဲခြင်း၊ မီးဖိုချောင်၊ အချစ်၊ ပူဆွေးကြေကွဲမှု စတဲ့ အကြောင်းအရာတွေကို ကိုင်တွယ်ထားပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ဂျပန်လူမျိုး စာရေးဆရာမ တစ်ယောက်ရဲ့ အံ့အားသင့်ဖွယ် ပွဲဦးထွက် လက်ရာပါ။ ဒီစာအုပ်ကို ၁၉၈၇ ခုနှစ်မှာ ဂျပန်ဘာသာနဲ့ ဖြန့်ချိတော့ ဂျပန်ရဲ့ အထင်ကရ စာပေဆုကြီး နှစ်ခုကို ရခဲ့သလို အရောင်းရဆုံး စာအုပ်စာရင်းမှာလည်း တစ်နှစ်ကျော် ကြာအောင် ရပ်တည်နိုင်ခဲ့တယ်။ မီဂန်ဘက်ကပ်စ် (Megan Backus) ရဲ့ အင်္ဂလိပ်ဘာသာပြန် ၁၉၉၃ ခုနှစ်မှာ ထွက်လာတဲ့အခါကျတော့လည်း New Yorker လို၊ The Independent လို အထင်ကရ စာစောင်တွေကနေ ချီးကျူး ရေးသားခဲ့ပါတယ်။

ဘနားနား ယိုရှိမိုတိုကို ၁၉၆၄ ခုနှစ်မှာ မွေးတယ်။ NP, Lizard, Amrita, Asleep, Goodbye, Tsugumi, the Lake စသဖြင့် ဝတ္ထုစာအုပ်တွေ ထွက်ထားပါတယ်။ သူ့ရဲ့ ဝတ္ထုတိုတွေ၊ ဝတ္ထုရှည်တွေနဲ့ အက်ဆေးတွေဟာ ဂျပန်မှာရော ပြည်ပမှာပါ စာပေဆုတွေ အများကြီး ဆွတ်ခူးထားတယ်။ တိုကျိုမှာ လက်ရှိ နေထိုင်လျက် ရှိပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

# မီးဖိုချောင်

## ၁။ မီးဖိုချောင်

ကမ္ဘာပေါ်မှာ ကျွန်မ အနှစ်သက်ဆုံးနေရာဟာ မီးဖိုချောင်ပါပဲ။ ဘယ်နေရာမှာပဲ ရှိနေ ရှိနေ၊ ဘယ်လိုအမျိုးအစားပဲဖြစ်ဖြစ်၊ မီးဖိုချောင်သာ ဖြစ်မယ်ဆိုရင် အစားအစာ ချက်ပြုတ်တဲ့နေရာ မှန်တယ်ဆိုရင် ကျွန်မ ကြိုက်ပြီးသားပဲ။ အထူး ဖြစ်သင့်တာကတော့ မီးဖိုချောင်မှန်ရင် ယဉ်ပါးဖို့၊ သက်သောင့်သက်သာဖြစ်ဖို့ လိုတယ်။ ခြောက်သွေ့ သန့်ပြန့်တဲ့ လက်သုတ်ပဝါတွေ အများကြီး ရှိရမယ်။ ကြွေပြားတွေက အလင်းရောင်နဲ့ ထိတွေ့တဲ့အခါ ဖျတ်ခနဲ ဖျတ်ခနဲ လက်နေရမယ်။

စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ ညစ်တီးညစ်ပေ မီးဖိုချောင်တွေကိုတောင် ကျွန်မ နှစ်သက်နိုင်ပါတယ်။ ဟင်းသီးဟင်းရွက် အစအနတွေက ကြမ်းပြင်မှာ ပြန့်ကျဲ၊ ကြမ်းခင်းကလည်း ညစ်ပတ်လွန်းလို့ ခြေညှပ်ဖိနပ်ပါးတွေတောင် မည်းညစ်သွားရ။ ထူးဆန်းတယ်လို့ ဆိုချင်ဆို၊ အဲသလို မီးဖိုချောင်တွေက အရွယ်အစား ခပ်ကြီးကြီးဆိုရင် ပိုကောင်းတယ်။ ကျွန်မကို စီးမိုးထားတဲ့ ရေခဲသေတ္တာကြီးရဲ့ ငွေသားရောင်တံခါးကို ကျွန်မ မှီလိုက်တယ်။ အဲဒီ ရေခဲသေတ္တာကြီးထဲမှာတော့ ဆောင်းတွင်း



mgyoe.com

mgyoe.com SAMPLE BOOK
တစ်တွင်းစာ လုံလောက်အောင် သိုလှောင်ထားတဲ့ အစားအစာတွေ ရှိပါတယ်။ ဆီတွေ စွန်းကွက်နေတဲ့ ဂက်စ်မီးဖိုနဲ့ သံချေးတက်နေတဲ့ မီးဖိုချောင်သုံး ခားတို့ရဲ့ အပေါ်ဘက်ဆီ ကျွန်မ လှမ်းကြည့်လိုက်တယ်။ ပြတင်းပေါက်ရဲ့အပြင်မှာ ကြယ်တွေ အထီးကျန်စွာ လင်းလက် တောက်ပနေကြတယ်။

အခုတော့ မီးဖိုချောင်ရယ်၊ ကျွန်မရယ်သာ ကျန်ရစ်တယ်။ တစ်ယောက်တည်း လုံးလုံး ဖြစ်ရတာထက် စာရင်တော့ အနည်းငယ် သာပါတယ်။

ကျွန်မ အရမ်းကို ပင်ပန်းနွမ်းနယ်တဲ့ အခါမှာတော့ ငါ သေဖို့ အချိန်ကျတဲ့အခါ ငါ့ရဲ့ နောက်ဆုံးအသက်ကို မီးဖိုချောင်တစ်ခုထဲမှာ နေခွင့်ရချင်တယ်ဆိုပြီး စိတ်ကူးယဉ်မိတာ ရှိပါတယ်။ အင်မတန် အေးစက်ပြီး ကျွန်မတစ်ကိုယ်တည်း ရှိနေတဲ့အချိန်ပဲ ဖြစ်ဖြစ်၊ ကျွန်မနဲ့အတူ အခြားတစ်ယောက်ယောက် ရှိနေပြီး နွေးထွေးတဲ့အချိန်ပဲဖြစ်ဖြစ် မီးဖိုချောင်ထဲမှာသာ သေရမယ်ဆိုရင်တော့ သေမင်းရဲ့ မျက်လုံးကို သတ္တိရှိရှိ စိုက်ကြည့်ပြီး သေပွဲဝင်လိုက်မယ်။ မီးဖိုချောင်ထဲမှာ သေရတာ ဖြစ်တဲ့အတွက် ‘ကောင်းလိုက်တာ’ လို့ ကျွန်မ တွေးမယ်။

တာနာဘီ မိသားစုက သူတို့နဲ့အတူနေဖို့ ကျွန်မကို မခေါ်ခင်က ဆိုရင် ကျွန်မရဲ့ ညနေဟာ မီးဖိုချောင်ထဲမှာပဲ ကုန်ဆုံးရတယ်။ ဘွားဘွား သေပြီးတဲ့နောက် ကျွန်မ အိပ်လို့မရတော့ဘူး။ မနက်ခင်းတစ်ခုရဲ့ အရုဏ်ဦးမှာ ကျွန်မရဲ့ အခန်းထဲကနေထွက်ပြီး စိတ်သက်သာမှုပေးမယ့် အရာကို လှည့်ပတ်ရှာဖွေမိပါတယ်။ ကျွန်မအိပ်ပျော်နိုင်မယ့် တစ်ခုတည်းသောနေရာကို ရေခဲသေတ္တာကြီးရဲ့ဘေးမှာ ရှာဖွေတွေ့ရှိလိုက်ပါတယ်။

ကျွန်မရဲ့နာမည်က မိခါဂျီဆာကူရာအီပါ။ ကျွန်မရဲ့ မိဘနှစ်ပါးစလုံးက ကျွန်မငယ်စဉ်မှာပဲ ကွယ်လွန်ခဲ့ကြပါတယ်။ ကျွန်မကို ကျွန်မရဲ့ အဘိုးအဘွားတွေကပဲ ကြီးပြင်းသည်အထိ စောင့်ရှောက် မွေးမြူခဲ့ကြတာပါ။ အဘိုး ဆုံးတော့ ကျွန်မက အလယ်တန်းကျောင်းသူအရွယ်။ အဲဒီကတည်းက စပြီး ဘွားဘွားရယ်၊ ကျွန်မရယ် နှစ်ယောက်တည်းပဲ။

တစ်နေ့က ဘွားဘွားဆုံးတော့ ကျွန်မ အံ့အားလည်း သင့်ခဲ့ရပါတယ်။ နှစ်ကာလတွေ ရွေ့လျား ကုန်ဆုံးလာတာနဲ့အမျှ ကျွန်မရဲ့ မိသားစု


mgyoe.com

mgyoe.com SAMPLE BOOK
မှာလည်း ပုံမှန်ဆိုသလို တစ်ယောက်ပြီးတစ်ယောက် လျော့လာတယ်။ ငါတစ်ယောက်တည်း ကျန်ပါတော့လားလို့ ကျွန်မ ရုတ်တရက် သိမြင်လိုက်ရတယ်။ ကျွန်မရဲ့ မျက်စိရှေ့မှာ ရှိနေတဲ့ အရာရာဟာ တကယ်မရှိသယောင် ခံစားရပါတယ်။ ကျွန်မ ကြီးပြင်းခဲ့တဲ့ ဟောဒီ တိုက်ခန်းထဲမှာ အခုလို ကျွန်မတစ်ယောက်တည်း ရှိနေသည့်တိုင် အချိန်ဆိုတဲ့အရာက ထုံးစံအတိုင်း ဆက်ပြီး သွားနေတယ်။ ဒီအချက်က ကျွန်မကို အံ့အားသင့်စေပါတယ်။ တကယ့်စိတ်ကူးယဉ် သိပ္ပံဇာတ်လမ်းတစ်ပုဒ်ပါ။ စကြဝဠာရဲ့ မှောင်မိုက်ခြင်းပါ။

အသုဘကိစ္စတွေ ပြီးလို့ သုံးရက် ကြာမြင့်ခဲ့သည့်တိုင် ကျွန်မတွေဝေ မှင်တက်မိတုန်းပါ။ ပူဆွေးမှုထဲမှာ နက်နက်ရှိုင်းရှိုင်း နစ်ဝင်နေတာမို့ ငိုလို့လည်း မရ။ မသိမသာလေး အိပ်ချင်မူးတူးဖြစ်ပြီး ခြေဖဝါးကို ဖြည်းဖြည်းချင်း ရုပ်တိုက်လျှောက်ကာ ကျွန်မရဲ့ ဖူတွန်မွေ့ရာကို သေခြင်းတရားလို တိတ်ဆိတ်သလို အလင်းရောင် လက်ခနဲ ဖြစ်ဖြစ်သွားတတ်တဲ့ မီးဖိုချောင်ထဲဆီ ဆွဲသွင်းလိုက်ပါတယ်။ အဲဒီနောက်တော့ ကာတွန်းဇာတ်ကောင်လေး Linus လို စောင်ထဲမှာ ကွေးပြီး အိပ်ပျော်သွားပါတော့တယ်။ ရေခဲသေတ္တာဆီကနေ ထွက်ပေါ်နေတဲ့ တဒီးဒီး မြည်သံကြောင့် ကျွန်မရဲ့ အထီးကျန်တရားအကြောင်းကို မတွေးမိဘဲ ရှိပါတယ်။ ရှည်လျားတဲ့ ညဟာ အတိအလင်း ငြိမ်းချမ်းစွာ ရောက်ရှိကုန်လွန်ပြီးနောက် မနက်ခင်းကို တစ်ဖန် ဆိုက်ရောက်ပါတယ်။

ကျွန်မဟာ ကြယ်တွေရဲ့အောက်မှာ အိပ်စက်ချင်ရုံပါ။

ပြီးတော့ မနက်ခင်းရဲ့ အလင်းထဲမှာ နိုးထချင်ရုံပါ။

အဲဒီအပြင်တော့ နုံးခွေနွမ်းလျစွာ ကျွန်မ လွင့်မျောနေပါတော့တယ်။

ဒါပေမဲ့ ဒီအတိုင်း ဆက်သွားလို့ မဖြစ်ပါဘူး။ အရှိတရားက အံ့ဩဖွယ်ရာတွေ အပြည့်နဲ့ပါ။

အဘွား ထားရစ်ခဲ့တဲ့ ပိုက်ဆံအကြောင်းကို ကျွန်မ တွေးမိတယ်။ လုံလောက်ရုံသာ ရှိပါတယ်။ အခု ကျွန်မနေတဲ့ တိုက်ခန်းက ကျွန်မတစ်ယောက်တည်းအတွက် ကြီးလွန်းနေပါတယ်။ အခန်းခကလည်း အင်မတန် များလှပါတယ်။ နောက်ထပ် တိုက်ခန်းတစ်ခုကို ကျွန်မ ရှာရမယ်။ ဒါက ရှောင်လွှဲလို့မရတဲ့ ကိစ္စ။ အိမ်ခန်းငှားရန်ရှိသည် ဆိုပြီး


mgyoe.com

ကြော်ငြာထားတဲ့ စာရင်းကို လှန်လှောကြည့်လိုက်တယ်။ အိမ်ခန်းတွေ အများကြီးကို စီတန်း စာရင်းပြုစုထားတာ မြင်ရပြန်တော့ ခေါင်းမူးသွားတယ်။ တစ်နေရာကနေ နောက်တစ်နေရာကို ရွှေ့ဖို့ဆိုတာက မလွယ်ဘူး။ အချိန်တွေ အများကြီး အကုန်ခံရ၊ ဒုက္ခတွေ အများကြီး ရောက်ရတာ။ အား အရမ်းစိုက်ရတဲ့ အလုပ်ပါရှင်။

ကျွန်မမှာက အားအင်ရယ်လို့ မရှိ။ မီးဖိုချောင်ထဲမှာ နေ့ရောညပါ ခွေနေတာကြောင့် အရိုးအဆစ်တွေက ကိုက်ခဲနေတာ။ အိမ်ပြောင်းဖို့ ဆိုရင် အတင်း အားယူပြီး အခန်းတွေကို သွားကြည့်ရမှာ၊ ပစ္စည်းတွေကို ရွှေ့ရမှာ၊ တယ်လီဖုန်း တပ်ရမှာ စတာတွေကို တွေးမိပြီး စိတ်ပျက် လက်ပျက်နဲ့ ဟိုခွေလိုက် ဒီလှဲလိုက် လုပ်နေခဲ့မိတယ်။ နေ့လယ်ခင်းတစ်ခုမှာတော့ ကျွန်မ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ အံ့ဖွယ် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာပါတယ်။ ကျွန်မ ကောင်းကောင်းမှတ်မိတယ် သိလား။

ဒင်းဒေါင် ဆိုပြီး အခန်းဝမှာရှိတဲ့ လူခေါ်ခေါင်းလောင်းက ရုတ်တရက် ထမြည်ပါတယ်။

တိမ် အတော်အသင့်ရှိတဲ့ နွေဦး နေ့လယ်ခင်းတစ်ခုပါ။ ကျွန်မဟာ အိမ်ခန်းကြော်ငြာတွေကို စွေစောင်းကြည့်ရင်း မဂ္ဂဇင်းစာအုပ်အဟောင်းတွေကို ကြိုးနဲ့ချည်ပြီး ထုပ်ပိုးနေခဲ့ပါတယ်။ အိမ်ခန်းကြော်ငြာတွေကို ကြည့်နေတယ်ဆိုပေမဲ့ စိတ်ကတော့ သိပ်ပါလှတာ မဟုတ်ပါဘူး။ အိမ် ဘယ်လိုပြောင်းရပါ့မလဲ ဆိုပြီးတော့လည်း တွေးနေမိပါတယ်။ တံခါးဆီကို ကျွန်မ ပြေးသွားလိုက်တယ်။ ကျွန်မရဲ့ပုံက အခုမှ အိပ်ရာကနေ ထလာတဲ့ပုံ ပေါက်နေတာကြောင့် ရှက်ကိုးရှက်ကန်းတော့ ဖြစ်မိပါတယ်။ သိပ်ပြီး တွေးတောမနေဘဲ တံခါးချက်(ဂျက်)ကို ဆွဲပြီး ဖွင့်လိုက်ပါတယ်။ ဓားပြတွေ ဘာတွေ မဟုတ်လို့ တော်သေးရဲ့။ တံခါးဝမှာ ရပ်နေသူကတော့ ယူအိချိတာနာဘီပါ။

'ဟိုတစ်ရက်က ကူညီလုပ်ကိုင်ပေးတာတွေအတွက် ကျေးဇူးနော်' လို့ ကျွန်မ ပြောလိုက်တယ်။ သူက သဘောကောင်းတဲ့ လူငယ် တစ်ယောက်ပါ။ ကျွန်မထက် တစ်နှစ် ငယ်တယ်။ ဘွားဘွားရဲ့ အသုဘမှာ တုန်းက တော်တော်ပဲ ကူညီပေးခဲ့ပါတယ်။ ကျွန်မ တက်နေတဲ့ တက္ကသိုလ်မှာပဲ သူ တက်နေတယ်လို့ ကျွန်မကို ပြောခဲ့တယ်။ ကျွန်မကတော့ လော



mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK
လောဆယ်ခွင့်ယူထားပါတယ်။

'ရပါတယ်။ ဘယ်မှာနေမယ် ဆိုတာကိုကော ဆုံးဖြတ်ပြီးသွားပြီလား' လို့ သူက မေးတယ်။

'အဲဒီကိစ္စက နီးကို မနီးစပ်သေးတာ' လို့ ကျွန်မ ပြန်ဖြေပြီး သူ့ကို ပြုံးပြလိုက်တယ်။

'သြော် ... ဟုတ်လား'

'အထဲဝင်ပြီး လက်ဖက်ရည် သောက်ပါဦးလားဟင်'

'မသောက်တော့ဘူးဗျ။ ကျွန်တော် တစ်နေရာကို သွားရဦးမှာ၊ အချိန် သိပ်မရှိလို့ပါ။ မီခါဂျီကို ကျွန်တော် မေးစရာရှိလို့ပါ။ အမေနဲ့လည်း ဒီကိစ္စကို ပြောဖြစ်ကြတယ်။ ကျွန်တော်တို့အိမ်ကို ခဏတစ်ဖြုတ်လာခဲ့ပါလား'

'ဟင် ...'

'ဒီည ခုနစ်နာရီလောက် လာခဲ့ပါလား။ ဘယ်လိုလာရမလဲဆိုတာကို ဒီမှာ ရေးပေးထားတယ်'

'အိုကေ ...'

သူ ကမ်းပေးတဲ့ စာရွက်အပိုင်းကလေးကို ယူရင်း ကြောင်အမ်းအမ်းနဲ့ ကျွန်မ ပြန်ပြောလိုက်တယ်။

'ဒါဆို ကောင်းပြီဗျာ။ မီခါဂျီ လာမှာကို ကျွန်တော်ကော၊ အမေကော မျှော်နေမှာပါ'

သူ့ရဲ့အပြုံးက အရမ်းကို တောက်ပ လင်းချင်းပါတယ်။ တံခါးဝမှာ သူ ရပ်နေခိုက် သူ့ရဲ့မျက်လုံးထဲက သူငယ်အိမ်တွေကို ကျွန်မ စူးစိုက်ပြီး ကြည့်နေမိတယ်။ သူ့ဆီကနေ မျက်လုံးခွာမရ ဖြစ်နေမိတယ်။ ဝိညာဉ်တစ်ခုက ကျွန်မရဲ့နာမည်ကို ခေါ်လိုက်တာ ကျွန်မ ကြားလိုက်မိသလိုပဲ။

'အင်း ... တို့ လာခဲ့မယ်' လို့ ကျွန်မ ပြောလိုက်တယ်။

ကျွန်မ ပြောလိုက်ပုံက ဆိုးလိုက်တာ။ ဝိညာဉ်ပူးကပ်ခံရသူ တစ်ယောက်လိုပဲ။ သူ့ရဲ့ စိတ်သဘောထားက လုံးဝကို အေးဆေးတယ်။ ကျွန်မ သူ့ကို ယုံကြည်လို့ ရလိမ့်မယ် ထင်ပါတယ်။ ကျွန်မရဲ့ မျက်စိရှေ့က မှောင်မှောင်မည်းမည်းထဲမှာ (အပြုစားခံရတဲ့အခါ အဲသလို ဖြစ်တတ်တယ် မဟုတ်လား) လမ်းတစ်ခုကို ကျွန်မ မြင်ရတယ်။ အဲဒီလမ်း


mgyoe.com

mgyoe.com SAMPLE BOOK

ဟာ သူ့ဆီကို ဖြောင့်ဖြောင့်ကြီး သွားနေတယ်။ သူက ဖြူလွတဲ့ အလင်းရောင်နဲ့အတူ တောက်ပလျက်။ ကျွန်မအပေါ်မှာ သူ့ရဲ့သက်ရောက်မှုက အဲသလိုပါရှင်။

'ကောင်းပါပြီဗျာ၊ ဒါဆို တွေ့ကြမယ်လေ' လို့ သူက ပြုံးလည်း ပြုံး၊ ပြောလည်း ပြောရင်း ထွက်ခွာသွားပါတော့တယ်။

ဘွားဘွားရဲ့ အသုဘ မတိုင်ခင်က ကျွန်မ သူ့ကို မသိပါဘူး။ အသုဘနေ့မှာတော့ သူ ရောက်ချလာပါတယ်။ ဘွားဘွားရဲ့ တိတ်တခိုး ချစ်သူများလားလို့တောင် ကျွန်မ တွေးမိသေးတာ။ အမွှေးတိုင် ထွန်းတော့ သူ့လက်တွေက တုန်ယင်နေပါတယ်။ သူ့မျက်လုံးတွေက ငိုထားလို့ မို့မောက်နေကြတယ်။ စင်ပေါ်က ဘွားဘွားရဲ့ ဓာတ်ပုံကိုလည်း မြင်ရော သူ့မျက်လုံးတွေကနေ မျက်ရည်တွေ သွန်ကျလာပြန်ပါလေရော။ ဒါကို မြင်ရတော့ ဘွားဘွားအပေါ်မှာ ထားရှိတဲ့ ကျွန်မရဲ့ အချစ်ဟာ ဒီကောင်လေးနဲ့ယှဉ်ရင် ဘာမှမဟုတ်ပါလား ဆိုပြီးတော့ ကျွန်မ တွေးမိပါတယ်။ ဒါက ပထမဆုံး ပေါ်လာတဲ့ အတွေးပေါ့။ သူ့ပုံစံက အဲသလောက်ကို ဝမ်းနည်းနေတဲ့ပုံ။

အဲဒီနောက် သူ့မျက်နှာကို လက်ကိုင်ပဝါသုတ်ပြီး ကျွန်မကို ပြောပါတယ်။ 'ကျွန်တော် နိုင်သလောက် ဝိုင်းကူလုပ်ပေးပါရစေဗျာ' တဲ့။ အဲသလိုပြောပြီး လုပ်စရာရှိတာတွေကို အများကြီး ကူလုပ်ပေးပါတယ်။

ယူအိချီတာနာဘီ ... ဟုတ်ပြီ၊ သူ့ကို ကျွန်မ မှတ်မိပါပြီ။ သေသေချာချာ ပြန်စဉ်းစားလိုက်တော့ သူ့နာမည်ကို ဘွားဘွားဆီကနေ ကြားဖူးတာကို ပြန်မှတ်မိလိုက်တယ်။

ယူအိချီဟာ ဘွားဘွား အမြဲအားပေးလေ့ရှိတဲ့ ပန်းဆိုင်မှာ အချိန်ပိုင်း ဝင်လုပ်နေတဲ့ ကောင်လေးပဲ။ ဘွားဘွားဆီကနေ သူ့အကြောင်း ကြားဖူးတာတွေ ရှိတယ်။ ဥပမာ ... 'သိပ်တော်တဲ့ ကောင်လေးကို သူတို့ ရထားကြတာ ... အဲဒီ တာနာဘီ ကောင်လေးပေါ့ ... ဒီနေ့လည်း ...' စသဖြင့် အကြိမ်ကြိမ် ကြားဖူးပါတယ်။ ဘွားဘွားက ကိုင်းဖြတ်ထားတဲ့ ပန်းတွေကို ကြိုက်တယ်။ ကျွန်မတို့ရဲ့ မီးဖိုချောင်ထဲမှာ ပန်းအိုးထိုးထားတဲ့ ပန်းတွေကို မညှိုးစေချင်တာကြောင့် ဘွားဘွားဟာ အဲဒီပန်းဆိုင်ကို တစ်ပတ်မှာ နှစ်ခါလောက် သွားပါတယ်။ ဒါကို ပြန်တွေးတဲ့အခါ ဘွား



mgyoe.com

ဘွားရဲ့နောက်ကနေ ပန်းအိုးခပ်ကြီးကြီး တစ်လုံးကို ပိုက်ပြီး ပါလာတဲ့ ယူအီချိကို ကျွန်မ ပြင်မြင်ယောင်လာပါတယ်။

သူ့မှာ ပြေပြစ်တဲ့ သွင်ပြင်ရှိပြီး ခြေတံလက်တံတွေက ခပ်ရှည်ရှည် ခပ်သွယ်သွယ်ပါ။ ဒီ့ထက် ပိုပြီးတော့ သူ့အကြောင်းကို ဘာမှ သိမထားပါဘူး။ ပန်းဆိုင်မှာ သူ အလုပ်လုပ်နေတာကို မြင်ဖူးကောင်း မြင်ဖူးပါမယ်။ နောက်ပိုင်းမှာ သူနဲ့ နည်းနည်းပါးပါး သိလာတဲ့အထိတောင် သူဟာ လူတွေနဲ့ ကင်းကင်းရှင်းရှင်း နေတတ်သူလို့ ကျွန်မ ခံစားရပါတယ်။ သူ့ရဲ့ ပြုမူပုံ၊ ပြောဆိုပုံတွေက ဘယ်လောက်ပဲ နှစ်လိုဖွယ်ရှိရှိ သူဟာ တစ်ကိုယ်တည်းသမားပုံ ပေါက်ပါတယ်။ သူ့ကို သိတယ်လို့ ကျွန်မ မခံစားရပါဘူး။ အဲဒါ အမှန်ပါပဲ။

အဲဒီညဟာ မြူတွေဆိုင်းနေတဲ့ နွေဦးရဲ့ညတစ်ညပါ။ လက်ထဲမှာ လမ်းညွှန်စာရွက်ကလေးကို ကိုင်ရင်း ကျွန်မ လမ်းလျှောက်လာခဲ့တယ်။ နူးညံ့နွေးထွေးတဲ့ မိုးက အဲဒီရပ်ကွက်ကလေးကို ပတ်ရံထားလိုက်တယ်။

ကျွန်မရဲ့ တိုက်ခန်းရှိတဲ့ အဆောက်အဦနဲ့ တာနာဘီ မိသားစု နေတဲ့ အဆောက်အဦတို့ကို ချူအိုပန်းခြံက ခြားထားပါတယ်။ ပန်းခြံကို ကျွန်မ ဖြတ်လျှောက်စဉ်မှာ ညရဲ့ စိမ်းမြတဲ့အနံ့က ကျွန်မကို လွှမ်းခြုံထားတယ်။ အရောင်ထွက်နေတဲ့ ရေစိုလမ်းပေါ်မှာ ကျွန်မ လျှောက်ခဲ့တယ်။ လမ်းကလေးဟာ သက်တံတစ်ခုထဲမှာရှိတဲ့ အရောင်တွေနဲ့အတူ တဖျပ်ဖျပ် လက်နေတယ်။

ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ သူတို့က လာပါဆိုလို့ ကျွန်မ သွားတာပါ။ အဲဒီထက် ပိုပြီး ဘာကိုမှ ကျွန်မ မစဉ်းစားပါဘူး။ မားမားရပ်နေတဲ့ အဆောက်အဦကြီးကို ကျွန်မ မော့ကြည့်လိုက်တယ်။ သူတို့ရဲ့ အခန်းက ဆယ်လွှာမှာဆိုတော့ ညဘက်ဆိုရင် ရှုခင်းက သိပ်လှမှာပဲလို့ ကျွန်မ တွေးမိတယ်။

ဓာတ်လှေကားထဲကနေ ကျွန်မ ထွက်လာခဲ့တယ်။ ဟောခန်းကို ဖြတ်ပြီး လျှောက်တော့ ကျွန်မရဲ့ ခြေသံက ကျွန်မကို ပြန်လှန့်နေသလို ခံစားနေရတယ်။ လူခေါ်ခေါင်းလောင်းကို ကျွန်မ တီးလိုက်တယ်။ ချက်ချင်းပဲ တံခါးပွင့်လာတယ် 'အထဲလာပါ' လို့ တံခါးလာဖွင့်ပေးတဲ့ ယူအီချိက ပြောတယ်။

mgyoe.com
'ကျေးဇူးပဲ' လို့ ကျွန်မ ပြန်ပြောလိုက်ပြီး အထဲကို ဝင်သွားလိုက်ပါတယ်။ အခန်းရဲ့ အတွင်းပိုင်းဟာ တကယ့်ကို ဆန်းဆန်းပြားပြားပါပဲ။ မီးဖိုချောင်ဘက်ဆီကို ကျွန်မ လှမ်းကြည့်လိုက်တော့ ကျွန်မရဲ့ အကြည့်ဟာ ဧည့်ခန်းထဲက ရောမ ဆိုဖာခုံကြီးပေါ်ကို ဘုတ်ခနဲ ကျသွားတယ်။ မီးဖိုချောင်ကြီးတစ်ခုရဲ့ မြင်ကွင်းအရှေ့မှာ ဘာစားပွဲမှ မရှိ၊ ဘာကော်ဇောမှလည်း မရှိ။ အဲဒီဆိုဖာခုံကြီးပဲ ရှိပါတယ်။ မီးဖိုချောင်ထဲမှာတော့ ဒယ်အိုးတွေ၊ ဒယ်ပြားတွေက စင်တွေပေါ်မှာ စီစီရီရီပေါ့။ ထုံးခြောက်ရောင် ပိတ်သားနဲ့ ဖုံးထားတဲ့ အဲဒီဆိုဖာခုံကြီးဟာ ရုပ်သံကြော်ငြာတစ်ခုထဲက မြင်ကွင်းမျိုးပါပဲ။ ဂျပန်မှာမရှိတဲ့ ရောမ ခွေးကြီးတစ်ကောင် ကောင်းကောင်း လှဲအိပ်လို့ ရပါတယ်။ တကယ့်ကို အံ့သြစရာ၊ နှစ်သက်စရာ ဆိုဖာခုံကြီးပါ။

ပြတင်းပေါက်ကြီးတစ်ခုရဲ့ရှေ့မှာ လေသာဆောင်တစ်ခုရှိပြီး၊ အဲဒီလေသာဆောင်ပေါ်မှာတော့ တာနာဘီ မိသားစု စိုက်ပျိုးထားတဲ့ အပင်တွေ။ တောငယ်တစ်ခုလို ဖြစ်နေပါတယ်။ ပန်းအိုးတွေကလည်း ပုံသဏ္ဌာန်မျိုးစုံပါပဲ။ ဘေးဘီဝဲယာကို ကျွန်မ မျက်စိ ကစားကြည့်တော့ တစ်အိမ်လုံးမှာ ပန်းတွေ ရှိနေတာကို တွေ့လိုက်ရတယ်။ နွေဦးပန်းပွင့်တွေ စိုက်ထားတဲ့ ပန်းအိုးတွေဟာ နေရာအနှံ့မှာကို ရှိနေတာပါ။

'ခဏနေရင် သူ အလုပ်ကနေ လစ်ထွက်လာခဲ့မယ်လို့ အမေက ပြောတယ်။ အိမ်ထဲမှာ လျှောက်ကြည့်ချင်ရင် ကြည့်လို့ရတယ်နော်။ ကျွန်တော် လိုက်ပြပေးရမလား။ ဒီမှာရှိတဲ့ အခန်းတွေထဲက မီခါဂျီ အကြိုက်ဆုံးအခန်းကို ရွေးကြည့်ပါလား။ ဒါဆိုရင် မီခါဂျီက ဘယ်လိုလူမျိုးလဲဆိုတာကို ကျွန်တော် သိနိုင်မယ်' လို့ ယူအီချီက လက်ဖက်ရည်ကျိုရင်းနဲ့ လှမ်းပြောပါတယ်။

'ဘယ်လိုလူမျိုးလဲ ... ဟုတ်လား'

အိစက်ညက်ညောပြီး သက်သောင့်သက်သာရှိတဲ့ ဆိုဖာကြီးပေါ်မှာ ကျွန်မ ထိုင်ချလိုက်ပါတယ်။

'ကျွန်တော် ဆိုလိုတာက ဒီလိုပါ။ အိမ်တစ်လုံးရဲ့အကြောင်း၊ အဲဒီအိမ်မှာနေတဲ့ လူတွေအကြောင်း၊ သူတို့ ဘာကိုကြိုက်တယ်၊ ဘာကိုတော့ မကြိုက်ဘူး စတာတွေကို သိချင်ရင် သူတို့ရဲ့ အိမ်သာကို ကြည့်ရတယ်


mgyoe.com

m gyoe.com SAMPLE BOOK
လို့ ဆိုကြတယ် မဟုတ်လား'

ယူအီချီက အဲသလို ပြောရင်း ပြုံးနေပါတယ်။ သူ့ပုံစံက ဘာကိုမှ သိပ်စိုးရိမ်ပူပန်နေပုံ မပေါက်ပါဘူး။ စကားပြောတဲ့ အခါမှာလည်း တကယ့်ကို စိတ်အေးလက်အေးနဲ့ ပြောတတ်တယ်။

'မီးဖိုချောင်ကို ရွေးမယ်' လို့ ကျွန်မ ပြန်ပြောလိုက်တယ်။

'ရတယ်လေ၊ သွားပါ။ မီးဖိုချောင်ထဲကို ဝင်ကြည့်လို့ ရပါတယ်'

သူ လက်ဖက်ရည်ဖျော်နေတုန်းမှာ မီးဖိုချောင်ထဲကို ကျွန်မ ဝင်ပြီး စူးစမ်း လေ့လာနေမိပါတယ်။ မီးဖိုချောင်ထဲမှာရှိသမျှ အရာအားလုံးကို ဂရုတစိုက် ကြည့်မိတယ်။ ကြမ်းခင်းရဲ့အပေါ်မှာ ဖျာတစ်ချပ်နဲ့ ယူအီချီရဲ့ ခြေညှပ်ဖိနပ်ပါးတို့ကို တွေ့ရတယ်။ နှစ်ခုစလုံးက အရည်အသွေး ကောင်းတဲ့ ပစ္စည်းတွေပါပဲ။ ကောင်းကောင်း အသုံးပြုထားတဲ့ အခြေခံ မီးဖိုချောင်သုံး ပစ္စည်းတွေကလည်း သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ်။ Sivler Stone တံဆိပ် အကြော်အိုးနဲ့ လိုချင်စဖွယ် ဂျာမနီနိုင်ငံလုပ် ခြစ်တံတစ်ခုကိုလည်း တွေ့ရတယ်။ ခြစ်တံက ကောင်းလွန်းလို့ အင်မတန် ပျင်းရိပါတယ်ဆိုတဲ့ အဘွားကြီးတွေတောင် ဒီခြစ်တံနဲ့ဆိုရင် ဟင်းသီးဟင်းရွက် အခွံတွေကို ပျော်ပျော်ကြီး ခြစ်မှာ သေချာပါတယ်။

ခပ်သေးသေး မီးအိမ်အလင်းရောင်ရဲ့အောက်မှာ ပန်းကန်ပြားမျိုးစုံဟာ သူတို့ရဲ့အလှည့်ကို တိတ်တဆိတ် စောင့်စားနေကြလေရဲ့။ ဖန်ခွက်တွေက အရောင်တလက်လက်။ ပစ္စည်းတိုင်းဟာ အကောင်းစားတွေချည်းပါပဲ။ ကြွေပန်းကန်လုံးတွေ၊ ဖြက်ကျယ်ပြီး ဖောက်ပါးတဲ့ ပန်းကန်တွေ လင်ပန်းကြီးတွေနဲ့ ဘီယာခွက်တွေလို သူ့နေရာနဲ့သူ သီးခြား သုံးရတဲ့ ပစ္စည်းတွေလည်း ရှိပါတယ်။ တစ်မျိုးတစ်ဖုံ စိတ်ကျေနပ်စရာ ကောင်းနေပါတယ်။ အသေးစား ရေခဲသေတ္တာကိုတောင် ကျွန်မ ဖွင့်ကြည့်လိုက်သေးတယ်။ (ကြည့်ချင် ကြည့်ပါလို့ ယူအီချီက ခွင့်ပြုပါတယ်) ရေခဲသေတ္တာထဲမှာလည်း သပ်သပ်ရပ်ရပ် စီစီရီရီပဲ။ အချိန်အကြာကြီး ပစ်ထားတဲ့ အကြွင်းအကျန်တွေ ဘာတွေလည်း မရှိပါဘူး။

ခေါင်းတညိတ်ညိတ် လုပ်ရင်း ပါးစပ်ကနေလည်း 'အင်း၊ ကောင်းလိုက်တာ'လို့ ထောက်ခံရေရွတ်ရင်း ကျွန်မ စူးစမ်းနေခဲ့တယ်။ မီးဖိုချောင်ကောင်းတစ်ခုဆိုတာ သေချာပါတယ်။ ဒီမီးဖိုချောင်ကို မြင်မြင်ချင်းပဲ


mgyoe.com

m g y o e . c o m SAMPLE BOOK
ကျွန်မ ချစ်မိသွားပါပြီ။

ဧည့်ခန်းထဲကို ပြန်ဝင်ပြီး ဆိုဖာပေါ်မှာ ကျွန်မ ပြန်ထိုင်လိုက်တယ်။ ခဏနေတော့ လက်ဖက်ရည်ပူပူ ရောက်လာတယ်။

အိမ်တစ်အိမ်ကို ပထမဦးဆုံး ရောက်သွားပြီး အဲဒီမှာ ကျွန်မ မသိတဲ့ လူတွေနဲ့ မျက်နှာချင်းဆိုင်ရတဲ့ အခါတိုင်း ကြီးမားတဲ့ အထီးကျန်ဝေဒနာကို ကျွန်မ ခံစားရလေ့ရှိပါတယ်။ လေသာဆောင် ပြတင်းပေါက်ကြီးရဲ့ အပေါ်က မှန်ထဲမှာ ကျွန်မကိုယ်ကျွန်မ ပြန်မြင်နေရပါတယ်။ အဲဒီအချိန်မှာ နက်မှောင်မှုန်မှိုင်းခြင်းဟာ မိုးရေရဲ့ စိတ်ဒုက္ခပေးခြင်းကို ခံရတဲ့ ညမြင်ကွင်းကျယ်အတွင်း ပျော်ဝင် ပျံ့နှံ့လာတယ်။ ဒီကမ္ဘာလောကမှာ ကျွန်မနဲ့ သွေးသားတော်စပ်သူရယ်လို့ ဘယ်သတ္တဝါ၊ ဘယ်သက်ရှိမှ မရှိတော့ပါဘူး။ ကျွန်မ လွင့်ချင်ရာ အရပ်ကို လွင့်လို့ရတယ်။ လုပ်ချင်ရာကို လုပ်လို့ ရတယ်။ စိတ်ညစ်ညူး နောက်ကျိချင်စရာ ကောင်းနေပါတော့တယ်။

လောကကြီးက အကျယ်ကြီးပါလား၊ စကြဝဠာကြီးဟာလည်း မှောင်မည်းလှပါလားလို့ ကျွန်မ ရုတ်တရက် သိမြင်လိုက်ရပါတယ်။ အဲဒီလောကကြီးရဲ့ အကန့်အသတ်မဲ့ ဆွဲဆောင်ဖမ်းစားနိုင်စွမ်း၊ ပြီးတော့ အကန့်အသတ်မရှိတဲ့ အထီးကျန်မှု စတာတွေကို ပထမဆုံးအကြိမ်အဖြစ် ကျွန်မရဲ့ လက်တွေနဲ့၊ ကျွန်မရဲ့မျက်လုံးတွေနဲ့ ထိကိုင်လိုက်မိတယ်။ ကမ္ဘာလောကကြီးကို ဒီအရင်က တစ်ဝက်တစ်ပျက်သာ ငါ မြင်ခဲ့ရပါလား ဆိုပြီး ကျွန်မ တွေးမိတယ်။

'တို့ကို ဘာကြောင့် အလည်ခေါ်တာလဲဟင်' လို့ ကျွန်မ မေးလိုက်တယ်။

'မီခါကို တစ်ယောက်တည်း ဒုက္ခရောက်နေလိမ့်မယ်လို့ ကျွန်တော်တို့ တွေးမိလို့ပါ။ မီခါကိုရဲ့ ဘွားဘွားက ကျွန်တော့်ကို အမြဲပဲ ဖော်ဖော်ရွေရွေ ရှိခဲ့ပါတယ်။ ပြီးတော့ ဒီအိမ်မှာကလည်း မီခါကို မြင်တဲ့အတိုင်း နေရာက အကျယ်ကြီး။ မီခါကို အိမ်ပြောင်းရမှာ မဟုတ်လား'

'ဟုတ်တယ်။ အိမ်ရှင်က သဘောကောင်းပြီး အချိန်ပို ပေးထားလို့သာ'

'ဒါဖြင့် ဒီမှာပဲ လာနေလိုက်ပါလား'

mgyoe.com သူ့ပြောလိုက်ပုံက တကယ့်ကို သဘာဝကျတဲ့ သာမန်ကိစ္စတစ်ခု လိုပဲ။ လေသံကလည်း ပုံမှန်။ အေးတိအေးစက်လည်း မဟုတ်သလို တစ်ဖက်သား မခံချင်လောက်အောင် အတင်းကြီး ကြင်နာပြနေတဲ့ လေသံ မျိုးလည်း မဟုတ်ဘူး။ ကျွန်မရဲ့ရင်ထဲမှာ သူ့အပေါ် နွေးထွေးတဲ့ စိတ် ဖြစ်ပေါ်လာပါတယ်။ ကျွန်မရဲ့နှလုံးသားဟာ အပေါ်ဘက်ကို လျှံတက် လာပြီး မျက်ရည်တွေ ဖြစ်လာပါတယ်။ အဲဒီအချိန်မှာပဲ သော့ကို ဖွင့် လိုက်တဲ့ အသံတစ်ခုနဲ့အတူ အရမ်းကို ချောမောလှပတဲ့ အမျိုးသမီး တစ်ယောက် အိမ်ထဲပြေးဝင်လာတယ်။ သူ့ပုံက အသက်ရှူ ရပ်မတတ်။

ကျွန်မ ရုတ်တရက် ကြောင်သွားတယ်။ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေမိတယ်။ သူ့ပုံက သိပ်မငယ်လှပေမဲ့ လှချက်ကတော့ ကမ်း ကုန်တယ်။ သူ ဝတ်စားထားပုံနဲ့ မိတ်ကပ်ခြယ်သထားပုံကို ကြည့်ပြီး 'သူ့အလုပ်ဟာ ညဘက် လုပ်ရတဲ့ အလုပ်ပဲ ဖြစ်ရမယ်' လို့ ကျွန်မ ခန့် မှန်းမိတယ်။ ယူအီချီက ကျွန်မတို့ကို မိတ်ဆက်ပေးပါတယ်။

'ဒါက မီခါဂျီ ဆာကူရာအီပါ'

'တွေ့ရတာ ဝမ်းသာလိုက်တာဟယ်။ တို့က ယူအီချီရဲ့ မေမေပါ။ တို့နာမည်က အီရီကို'

သူ့ရဲ့အသံက နည်းနည်း ပြာပါတယ်။ အခုထိ ဟောဟဲ လိုက်နေ သေးပြီး မျက်နှာကတော့ ပြုံးနေတယ်။

ဒါ ယူအီချီရဲ့ အမေတဲ့လား။ ကျွန်မမှင်တက်နေမိဆဲပါပဲ။ ကျွန်မ ရဲ့ မျက်လုံးတွေကလည်း အဲဒီအမျိုးသမီးဆီမှာ။ ပခုံးပေါ်ကို ဝဲကျနေတဲ့ သူ့ရဲ့ ဆံပင်တွေက ပိုးသားလို အိနေတာ။ သူ့ရဲ့ မျက်လုံးတွေက မျက် ပေါက် ခပ်ကျဉ်းကျဉ်း။ နက်ရှိုင်းသလောက် တဖျပ်ဖျပ် လက်နေကြ တယ်။ နှုတ်ခမ်းတွေက ပြေပြစ်စွာ ဖွဲ့စည်းထား။ နှာတံက ခပ်မြင့်မြင့် ပြီးတော့ ဖြောင့်စင်းနေတာပါ။ သူ့ရဲ့ တစ်ကိုယ်လုံးဟာ အသက်ဓာတ်နဲ့ အတူ တုန်ခါနေတဲ့ ဆန်းကြယ်သော အလင်းရောင်တစ်မျိုးကို ထုတ်လွှတ် နေပါတယ်။ ဒီလောက် လှတာ ကျွန်မ တစ်သက် တစ်ခါမှ မမြင်ဖူးပါဘူး။

ကျွန်မ သူ့ကို စိုက်ကြည့်နေပုံက ရိုင်းပျသလိုတောင် ဖြစ်လာ တယ်။

'ကျွန်မလည်း ဝမ်းသာပါတယ်ရှင်' လို့ ပြန်ပြုံးပြရင်း ပြောလိုက်



mgyoe.com

mgyoe.com SAMPLE BOOK
ပါတယ်။

'ဒီကို လာလည်တာ တို့အရမ်းဝမ်းသာတာပဲ' လို့ အီရိကိုက ကျွန်မကို နွေးနွေးထွေးထွေး ပြောလိုက်ပြီး ယူအီချီဘက်ကို လှည့်ပြောပါတယ်။ 'ယူအီချီရေ ... အမေ တောင်းပန်ပါတယ်။ ဒီညတော့ ဘယ်လိုမှကို အပြီးလစ်ထွက်လို့ မရဘူးကွယ်။ အခုတောင် အိမ်သာသွားမယ်လို့ ပြောပြီး အမြန်လာခဲ့တာ။ မနက်ဖြန် မနက်ကျရင်တော့ အချိန်တွေ အများကြီးရှိပါတယ်။ မီခါဂျိလည်း ဒီည ဒီမှာပဲ အိပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်' အဲသလိုလည်း ပြောပြီးရော တံခါးဆီ အပြေးတစ်ပိုင်းနဲ့ ထထွက်သွားပါတယ်။ သူ ဝတ်ထားတဲ့ အနီရောင်ဝတ်စုံက လေထဲမှာ လွင့်ဝဲလျက်။

'ကျွန်တော် ကားမောင်းပြီး လိုက်ပို့ပေးမယ်လေ' လို့ ယူအီချီက သူ့အမေကို လှမ်းပြောတယ်။

'ကျွန်မ လာနှောင့်ယှက်သလို ဖြစ်နေပြီ' လို့ ကျွန်မလည်း တောင်းပန်လိုက်တယ်။

'အို ... မဟုတ်တာကွယ်။ ဒီညကျမှပဲ ကလပ်က လူအရမ်းကျနေတာ။ အဲသလောက် လူများမယ်လို့ တို့ မထင်ထားခဲ့မိဘူး။ ဒီတော့ တို့က တောင်းပန်ရမှာပါ။ မနက်ကျရင် တွေ့ကြမယ်နော်'

ပြောပြောဆိုဆိုပဲ သူ့ရဲ့ ဒေါက်ဖိနပ် မြင့်မြင့်ကြီးတွေကို စီးပြီး အီရိကို ပြေးထွက်သွားတယ်။ 'ဒီမှာ ခဏစောင့်နော်။ တီဗီကြည့်ချင်ရင်လည်း ကြည့်လေ။ အဆင်ပြေသလိုသာနေ' လို့ ယူအီချီက ကျွန်မကို လှမ်းပြောပြီး သူ့အမေရဲ့ နောက်ကနေ ပြေးလိုက်သွားတယ်။ ကျွန်မ တစ်ယောက်တည်း မှင်တက်ပြီး ကျန်ခဲ့တယ်။

အီရိကိုရဲ့ ခန္ဓာကိုယ်ကို အနီးကပ် ကြည့်မယ်ဆိုရင်တော့ ဇရာကို ပြတဲ့ လက္ခဏာတွေကို တွေ့ရလိမ့်မယ်လို့ ကျွန်မ သေချာနေမိတယ်။ ဥပမာ သူ့ရဲ့မျက်လုံးထောင့်က အရေးအကြောင်းတွေနဲ့ သိပ်ပြီးသန်သန်မာမာ ရှိပုံမရတော့တဲ့ သွားတွေပေါ့။ သူ့ခန္ဓာကိုယ်ရဲ့ တချို့ အစိတ်အပိုင်းတွေဟာ နဂိုမူလ လူသားအစစ်အမှန်နဲ့ တူနေဆဲပါပဲ။ ဒါပေမဲ့ လှချက်ကတော့ ရက်စက်တယ်။ သူ့ကို ကျွန်မ ထပ်ပြီး တွေ့ချင်နေမိပါတယ်။ ကျွန်မရဲ့ စိတ်ထဲမှာ သူ့ရဲ့ပုံရိပ်က ထင်ကျန်ခဲ့သလို ကျွန်မရဲ့ နှလုံးသားထဲမှာလည်း နွေးထွေးတဲ့ အလင်းရောင်တစ်ခုက နူးနူးညံ့ညံ့


mgyoe.com

mgyoe.com SAMPLE BOOK
ကလေး တောက်ပနေပါတယ်။ 'ညို့ဓာတ်' ဆိုတာ ဒါမျိုးကို ခေါ်တာ ထင်ပါရဲ့။ မျက်စိမမြင်တဲ့ ဟယ်လင်ကဲလားက 'ရေ' ဆိုတာ ပထမဆုံး အကြိမ် သိရှိနားလည်လိုက်သလို 'ညို့ဓာတ်' ဆိုတဲ့ စကားလုံးဟာလည်း ကျွန်မအတွက် အရိုတရားတစ်ခုအဖြစ် ပေါက်ဖွားလာပါတယ်။ တကယ့် သက်ရှိ သာဓကကို ကျွန်မရဲ့မျက်စိနဲ့ မျက်ဝါးထင်ထင် မြင်ခဲ့ရပြီးပြီ မဟုတ်လား။ ချဲ့ကားပြောဆိုတာ တစ်ခုမှ မပါပါဘူးရှင်။ အီရိကိုနဲ့ တွေ့ဆုံရတာဟာ ကျွန်မကို အဲသလောက်တောင် လွှမ်းမိုးထားနိုင်စွမ်း ရှိပါတယ်။

ကားသော့တွေကို တချွင်ချွင် မြည်အောင် ကစားရင်း ယူအီချိ ပြန်ရောက်လာတယ်။ 'ဆယ်မိနစ်လောက်လေး အချိန်ရတာကိုများ ဖုန်းပဲ ဆက်လိုက်ရင် ပြီးရော' လို့ တံခါးဝမှာ ဖိနပ်တွေကို ချွတ်ရင်း သူ ပြော ပါတယ်။

ကျွန်မကတော့ ဆိုဖာပေါ်မှာ ဆက်ထိုင်ရင်း 'အင်း' လို့သာ လျော့ရိ လျော့ရဲ ပြန်ဖြေဖြစ်တယ်။

'မီခါကို ... ကျွန်တော့်အမေကြောင့် ရှက်သွားသလားဟင်'

'ဟုတ်တယ် ... အဲသလောက် လှတဲ့ အမျိုးသမီးမျိုး တို့ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး'

'ဟုတ်တယ် ... ဒါပေမဲ့ ...'

သူက စကားကို အဲဒီမှာ ဖြတ်ထားပြီး ကျွန်မရှေ့က ကြမ်းပြင် ပေါ်မှာ ထိုင်ချလိုက်ပါတယ်။ ပြီးတော့ ဆက်ပြောတယ်။

'အမေက ခန္ဓာကိုယ် ခွဲစိတ်ပြုပြင်ထားတာ'

'အိုး ... ဟုတ်လား ...၊ ဒါကြောင့် တို့ တွေးနေတာ။ ယူအီချိနဲ့ တစ်စက်ကလေးမှ မတူပါဘူးလို့'

သိပ်စိတ်မဝင်စားသလို ဟန်ဆောင်ပြီး ကျွန်မ ပြန်ပြောလိုက်တယ်။

'ဒါတင်တော့လည်း မဟုတ်သေးဘူးဗျ။ အမေက တကယ်တော့ ယောကျ်ားကြီးပဲ'

ဒါကတော့ မှားသွားပြီလို့ ကျွန်မ ထင်တယ်။ ကျွန်မ သူ့ကို မျက် လုံးပြူးပြီး စိုက်ကြည့်နေလိုက်တယ်။ 'အလကား စတာပါဗျာ ...' လို့ သူ ပြောလာမှာကို စောင့်နေလိုက်တယ်။ အီရိကိုရဲ့ သွယ်သွယ်လျလျ


mgyoe.com

လက်ချောင်းတွေ၊ အမူအရာတွေ၊ ခန္ဓာကိုယ် လှုပ်ရှားပုံတွေ ... သူ့ရဲ့ မျက်နှာလှလှကို ပြန်မြင်ယောင်ရင်း ကျွန်မ အသက်အောင့်ထားလိုက်မိတယ်။ ယူအီချီကတော့ ကျွန်မကို ကြည့်ပြီး အူမြူးနေလေရဲ့။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ...'

ကျွန်မရဲ့ပါးစပ်က ယောင်းလောင်း။

'အမေ၊ အမေ ဆိုပြီး ယူအီချီပဲ ခေါ်နေတာလေ ...'

'မှန်ပါတယ်။ ဒါပေမဲ့ အဲဒီပုံစံဖြစ်နေတဲ့လူကို 'အဖေ' လို့ ခေါ်လို့ကောင်းပါ့မလားဗျာ ...'

သူ့ရဲ့စကားက ယုတ္တိရှိတယ်။ ကျွန်မရဲ့ မေးခွန်းအတွက် အင်မတန်ကောင်းတဲ့ အဖြေလည်း ဖြစ်တယ်။

'ဒါဖြင့် အီရီကိုဆိုတဲ့ နာမည်ကရော'

'နာမည်အရင်းက ယူဂျီပါ'

ကျွန်မရဲ့ မျက်လုံးရှေ့မှာ မြူတွေ ဆိုင်းသလို ကျွန်မ ခံစားရပါတယ်။ သူတို့ရဲ့အကြောင်း ဓာတ်စုံကို နားထောင်ဖို့အတွက် ကျွန်မရဲ့စိတ်က အသင့်ဖြစ်လာတဲ့အခါမှာတော့ 'ဒါဖြင့် ယူအီချီကို ဘယ်သူကမွေးခဲ့သလဲ' လို့ ကျွန်မ မေးလိုက်ပါတယ်။

'ဟိုးအရင်က အီရီကိုဟာ အမျိုးသား တစ်ယောက်ပါ။ အသက်ငယ်ငယ်နဲ့ အိမ်ထောင်ကျခဲ့ပြီး သူ ယူခဲ့တာက ကျွန်တော့်ရဲ့အမေ ဖြစ်ပါတယ် ...'

'ဟင် ... ယူအီချီရဲ့ မေမေက ဘယ်လိုပုံမျိုးလဲ ...'

'ကျွန်တော်လည်း မမှတ်မိတော့ဘူးဗျ။ မေမေ ဆုံးတော့ ကျွန်တော်က ပိစိညှောင့်တောင့်ကလေး ရှိသေးတာ။ ကျွန်တော့်မှာ ဓာတ်ပုံတစ်ပုံတော့ရှိတယ်။ ကြည့်မလား ...'

ကျွန်မ ခေါင်းညိတ်ပြလိုက်ပါတယ်။ သူက မတ်တတ်မထဘဲ ကြမ်းပြင်ပေါ်က သူ့အိတ်ကို ဆွဲယူတယ်။ အဲဒီနောက် သူ့ရဲ့ပိုက်ဆံအိတ်ထဲက ဓာတ်ပုံဟောင်းတစ်ခုကို ထုတ်ပြီး ကျွန်မဆီ ကမ်းပေးပါတယ်။

မျက်နှာကို ကြည့်ရုံနဲ့တော့ သူ့အကြောင်းကို ဘာမှ မသိနိုင်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဓာတ်ပုံပါ။ ဆံပင်တိုတို၊ မျက်လုံးသေးသေး၊ နှာခေါင်းသေးသေး၊ အသက်အရွယ် ခန့်မှန်းလို့မရနိုင်တဲ့ ခပ်ဆန်းဆန်း



mgyoe.com

mgyoe.com SAMPLE BOOK
အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ ကျွန်မက ဓာတ်ပုံကို ကြည့်ပြီး ဘာမှ မပြောဖြစ်ပေမဲ့ ယူအီချီက ပြောပါတယ်။

'သူ့ရဲ့မျက်နှာက တစ်မျိုးပဲနော်'

ကျွန်မ မသက်မသာ ပြုံးလိုက်မိတယ်။

'မေမေတို့ရဲ့ မိသားစုက အီရီကိုကို ကလေးဘဝကတည်းက ခေါ်ပြီး မွေးစားခဲ့ကြတာ။ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော် မသိဘူး။ ဒီတော့ မေမေနဲ့ ကျွန်တော့်ရဲ့ လက်ရှိအမေ အီရီကိုတို့ဟာ အတူတူကြီးပြင်းခဲ့ကြတာပေါ့။ အီရီကို တစ်ဖြစ်လဲ ယူကိုဟာ ယောက်ျားဘဝမှာ တုန်းကလည်း လူချောတစ်ယောက်ပါပဲ။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့။ ထူးထူးဆန်းဆန်း အမျိုးသမီးတစ်ယောက်ကို သူ ဘာကြောင့် လက်ထပ်ခဲ့တာလဲ ဆိုတာတော့ ...'

ယူအီချီက ဓာတ်ပုံကိုကြည့်ပြီး ပြုံးလိုက်တယ်။ ပြီးတော့ ဆက်ပြောတယ်။

'မေမေ့ကို သူ တော်တော်စွဲလမ်းခဲ့လို့ပဲ ဖြစ်မှာပါ။ ဒါကြောင့် မွေးစားမိဘတွေရဲ့ ကျေးဇူးတရားကို ကျောခိုင်းပြီး ခိုးပြေးသွားတာပေါ့'

ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။

'ကျွန်တော့်ရဲ့ အမေအစစ် ကွယ်လွန်တဲ့အခါကျတော့ အီရီကိုက အလုပ်ကနေ ထွက်တယ်။ သူ ဘာဆက်လုပ်ရ ကောင်းမလဲ ဆိုတာကို စဉ်းစားတယ်။ နောက်ဆုံးတော့ ဆုံးဖြတ်လိုက်တယ်။ 'မိန်းမ လုပ်မယ်' တဲ့။ နောက်ထပ် ဘယ်သူ့ကိုမှ သူ ချစ်လို့မရတော့ဘူး ဆိုတာကို သူ့ဘာသာသူ ကောင်းကောင်း သိတယ်လေ။ မိန်းမဘဝ မပြောင်းခင်က ဆိုရင် သူက သိပ်အရုပ်ကြီးတာတဲ့ဗျ။ ဟိုမရောက်၊ ဒီမရောက်လည်း မလုပ်ချင်တာကြောင့် သူ့တစ်ကိုယ်လုံးကို ပြောင်းပစ်လိုက်တယ်။ မျက်နှာကော၊ ဟိုဟာကောဆိုပါတော့။ အဲဒီက ကျန်တဲ့ငွေတွေနဲ့ အခု သူ ဖွင့်ထားတဲ့ နိုက်ကလပ်ကို ဝယ်တယ်။ ကျွန်တော့်ကို သူတစ်ယောက်တည်း ကျွေးမွေး ပြုစုပျိုးထောင်ခဲ့တာပါ။ မိန်းမသား တစ်ယောက်အဖြစ်နဲ့ ဆိုပါတော့ဗျာ'

အဲ့သလို ပြောပြီး သူပြုံးနေတယ်။


mgyoe.com

mgyoe.com
'တကယ့်ကို ထူးခြားတဲ့ ဘဝဇာတ်ကြောင်းပါပဲ' လို့ ကျွန်မ မှတ်ချက်ပြုလိုက်တယ်။

'ဟုတ်တယ်၊ သူဟာ အခုထိတော့ ဆက်လက်ရှင်သန် လှုပ်ရှားနေဆဲပါ' လို့ ယူအိချိက ပြောတယ်။

သူ ပြောတာတွေကို ကျွန်မအနေနဲ့ ယုံတာ မယုံတာ အပထား၊ သူတို့အကြောင်း ပိုပြီး သိလာရလေလေ ကျွန်မအနေနဲ့ ဘာပြောလို့ ပြောရမှန်း မသိ၊ ဘာမျှော်လင့်လို့ မျှော်လင့်ရမှန်းမသိ ဖြစ်လေလေပါပဲ။

ဒါပေမဲ့ သူတို့ရဲ့ မီးဖိုချောင်ကိုတော့ ကျွန်မ ယုံတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ရုပ်ချင်းမတူကြပေမဲ့ တူညီတဲ့ စရိုက်တွေ ရှိပါတယ်။ သူတို့ ပြုံးတဲ့အခါ သူတို့ရဲ့ မျက်နှာတွေက ဗုဒ္ဓဆင်းတုတော်တွေလို လင်းချင်းနေကြပါတယ်။ အဲဒါကို ကျွန်မ ကြိုက်တယ်။

'မနက်ကျရင် ကျွန်တော်က စောစောထပြီး လစ်မှာဆိုတော့ အစားအသောက်ကို ကြိုက်ရာသာ ယူစားပါ'

အိပ်ချင်မူးတူးဖြစ်နေတဲ့ ယူအိချိက သူ့လက်ထဲမှာ စောင်တွေ၊ ခေါင်းအုံးတွေ၊ ညဝတ် အင်္ကျီ ဘောင်းဘီတွေကို တနင့်တပိုး သယ်ရင်း ကျွန်မကို ရေချိုးခန်းဆီ လိုက်ပို့ပါတယ်။ ရေချိုးခန်းကို ဘယ်လို သုံးရမယ်၊ ကိုယ်သုတ်တဘက်တွေ ဘယ်မှာရှိတယ် ဆိုတာတွေကို ပြပါတယ်။

(အရမ်းဆန်းကြယ်တဲ့) ဘဝဇာတ်လမ်းကို ကြားရပြီးတဲ့နောက် ကျွန်မလည်း ဘာကိုမှ ထိုင်မတွေးနိုင်တော့ဘဲ ရှိပါတယ်။ ဒါနဲ့ ယူအိချိနဲ့အတူ ဗီဒီယိုတစ်ကားကို ထိုင်ကြည့်ဖြစ်တယ်။ ပန်းဆိုင်အကြောင်း၊ ကျွန်မရဲ့ ဘွားဘွားအကြောင်း စတာတွေကို ထိုင်ပြောဖြစ်ကြတယ်။ အချိန်က လျင်မြန်စွာပဲ ကုန်လွန်သွားပါတယ်။ မနက် တစ်နာရီတောင် ထိုးနေပါပြီ။ ဧည့်ခန်းထဲက ဆိုဖာကြီးကတော့ တကယ့်ကို ဇိမ်ရှိတယ်။ အရမ်းလည်း ကြီး၊ ပျော့လည်း ပျော့၊ ထူလည်း ထူဆိုတော့ အဲဒီဆိုဖာပေါ်မှာ ထိုင်လိုက်မိတာနဲ့ ကျွန်မ ပြန်မထချင်တော့ပါဘူး။ ဆိုဖာခုံကြီးကို အညှံ့ခံလိုက်ရပါတယ်။

ခဏနေတော့ ကျွန်မ ပြောလိုက်တယ်။

'ကြည့်ရတာ ယူအိချိရဲ့ အမေကတော့ စတိုးဆိုင်မှာ ဒီဆိုဖာပေါ်


mgyoe.com

mgyoe.com SAMPLE BOOK
ထိုင်လိုက်မိတာနဲ့ တစ်ပြိုက်နက် ချက်ချင်း ဝယ်ပစ်လိုက်ပုံရတယ်'

'ဟုတ်တယ်၊ အဲဒီအတိုင်းပဲ။ အမေက စိတ်ကူးတစ်ခု ရပြီဆိုရင် ချက်ချင်း အကောင်အထည်ဖော်လိုက်ရမှ။ သူ လုပ်တာကိုင်တာတွေကို ကျွန်တော်ဖြင့် အံ့အားတသင့်နဲ့ ရပ်ကြည့်နေမိတာ များတယ်'

'တို့ သဘောပေါက်ပါတယ်'

'လောလောဆယ်တော့ အဲဒီဆိုဖာကို မီခါဂျီ ပိုင်တယ်လို့ သဘောထားပါ။ မီခါဂျီရဲ့ အိပ်ရာပေါ့လေ။ ဆိုဖာခုံကို အခုလို အသုံးဝင်အောင် လုပ်နိုင်တာ ကျွန်တော်တို့ တော်လို့ပေါ့နော်'

'တကယ်လား။ တို့ဒီမှာ တကယ်အိပ်လို့ရသလား' လို့ ကျွန်မ အရဲစွန့်ပြီး မေးလိုက်တယ်။

'ရတာပေါ့' လို့ သူက မဆိုင်းမတွပဲ ပြန်ဖြေပါတယ်။

'ကျေးဇူးတင်လိုက်တာ'

အဲဒီနောက်တော့ ကျွန်မကို သက်သောင့်သက်သာ နေဖို့၊ ကိုယ့်အိမ်လို သဘောထားနေဖို့ စသဖြင့် ညွှန်ကြားချက်တွေပေးပြီး 'ကောင်းကောင်းအိပ်ပါ' လို့ နှုတ်ဆက်ကာ သူ့ရဲ့အခန်းထဲကို ဝင်သွားပါတယ်။

ကျွန်မလည်း အိပ်ချင်မူးတူး ဖြစ်လာတယ်။

သူများအိမ်မှာ ရေချိုးရင်း ဒီကနေ့အဖြစ်အပျက်တွေကို ကျွန်မ ပြန်တွေးနေမိတယ်။ ကျွန်မရဲ့ နွမ်းနယ်မှုတွေဟာ ရေပူနဲ့အတူ မျောပါသွားပါတယ်။

ခုနက ငှားထားတဲ့ ညအိပ်ဝတ်စုံကို ဝတ်ပြီးတဲ့နောက် တိတ်တဆိတ် ငြိမ်သက်နေတဲ့ ဧည့်ခန်းထဲကို ခြေဗလာနဲ့ ဝင်သွားလိုက်ပါတယ်။ မီးဖိုချောင်ကို ကျွန်မ နောက်တစ်ကြိမ်လောက် ကြည့်ချင်နေပါတယ်။ ဒါကြောင့် မီးဖိုချောင်ထဲကို ဝင်လိုက်တယ်။ တကယ့်ကို ကောင်းမွန်တဲ့ မီးဖိုချောင်တစ်ခုပါပဲ။

အဲဒီနောက် ကျွန်မရဲ့ အိပ်ရာဖြစ်တဲ့ ဆိုဖာပေါ်မှာ ပစ်လှဲချလိုက်ပြီး မီးအိမ်ကို ပိတ်လိုက်တယ်။ အပင်တွေဟာ လေသာဆောင် ပြတင်းပေါက်ရဲ့ရှေ့ မှိန်လဲ့လဲ့ အလင်းရောင်ထဲမှာ တွဲလောင်းဖြစ်နေကြတာပေါ့။ အသက်ကို ညင်ညင်သာသာ ရှူရင်း သူတို့လည်း အနားယူနေကြပါတယ်။ ပြတင်းပေါက်ရဲ့ အပြင်ဘက်မှာတော့ ဆယ်လွှာကနေ မြင်ရတဲ့ ရင်သပ်


mgyoe.com

mgyoe.com
ရှုမောဖွယ်ရာ ရှုမျှော်ခင်း။ မိုးက တိတ်သွားပြီ။ အစိုဓာတ် ပြည့်ဝနေတဲ့ ညဟာ ရွှန်းစိုလင်းလက်နေပြီး အလင်းတန်းတွေက ခမ်းနားစွာ ယိုင်ထိုး ကျနေတယ်။

ဒီညလည်း ခါတိုင်းညတွေလိုပဲ မီးဖိုချောင်အနားမှာ အိပ်နေမိပါလား ဆိုပြီး စောင်ထဲမှာ ကွေးရင်း ကျွန်မ တွေးမိပါသေးတယ်။ ဒါပေမဲ့ ဒီ တစ်ခါတော့ ကျွန်မ အထီးကျန် မခံစားရပါဘူး။ ဒါကို ကျွန်မ စောင့်နေ ခဲ့တာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အတိတ်မှာ ဖြစ်ခဲ့တာတွေကော၊ အနာဂတ်မှာ ဖြစ်မယ့်ဟာတွေကော ဘာကိုမှ မတွေးဘဲ အိပ်ရာဝင်ရမယ့် နေ့ကို ကျွန်မ မျှော်လင့်နေခဲ့တာ ဖြစ်ကောင်း ဖြစ်ပါတယ်။ ကျွန်မဟာ ပူဆွေး ဝမ်းနည်းနေတာမို့ အခြားတစ်ယောက်နဲ့အတူ အိပ်ရာတစ်ခု တည်းပေါ်မှာ အိပ်ဖို့ကတော့ မဖြစ်နိုင်ပါ။ အဲသလိုလုပ်ခဲ့ရင် ပူဆွေး ဝမ်းနည်းမှုက ပိုလို့သာ ဆိုးလာမှာ ဖြစ်ပါတယ်။ လောလောဆယ် ဒီမှာ တော့ မီးဖိုချောင်တစ်ခုရယ်၊ အပင် အချို့ရယ်၊ ဘေးက အခန်းထဲမှာ အိပ်နေသူတစ်ယောက်ရယ်၊ ပြီးတော့ အလုံးစုံ တိတ်ဆိတ်ငြိမ်သက်မှုရယ်၊ ဒီညဟာ အကောင်းဆုံး ညပါပဲ။ ဒီနေရာဟာ အကောင်းဆုံးနေရာပါပဲ။

ကျွန်မ ငြိမ်းချမ်းစွာ အိပ်ပျော်သွားခဲ့တယ်။

* * *

ရေပိုက်ခေါင်းက ကျတဲ့ ရေသံကြောင့် ကျွန်မ နိုးလာတယ်။

မနက်ခင်းဟာ ပြိုးပြိုးပြက်ပြက် တောက်ပပြီး ရောက်လာခဲ့ပါ တယ်။ ကျွန်မ အိပ်ချင်မူးတူးနဲ့ ထပြီး မီးဖိုချောင်ထဲကို ဝင်လိုက်တယ်။ မီးဖိုချောင်ထဲမှာတော့ အီရီကိုစံ။ ကျွန်မကို ကျောပေးထားတယ်။ သူ ဝတ်ထားတာက မနေ့ညကနဲ့ ယှဉ်ရင်တော့ အများကြီး ယဉ်ပါတယ်။ သူက ကျွန်မဘက်ကိုလှည့်ပြီး 'မင်္ဂလာနံနက်ခင်းပါ' လို့ ရွှင်ရွှင်ပျပျ နှုတ်ဆက်ပါတယ်။ သူ့မျက်နှာကိုတော့ မနေ့ညကထက်တောင် ပိုပြီး တောက်တောက်ပပ ခြယ်သထားတယ်။ 'အင်း၊ ဒီလိုပဲ ဖြစ်ရမှာပေါ့' လို့ ကျွန်မ တွေးလိုက်မိတယ်။ 'မင်္ဂလာနံနက်ခင်းပါ' လို့ ပြန်နှုတ်ဆက်လိုက် ပြီး သူ လုပ်တာကိုင်တာကို ရပ်ကြည့်နေမိတယ်။ သူက ရေခဲသေတ္တာကို ဆွဲဖွင့်၊ အထဲကို ကြည့်လိုက်ပြီး ပြဿနာတော့တက်ပြီဆိုတဲ့ မျက်နှာ ပေးမျိုးနဲ့ ကျွန်မကို ကြည့်တယ်။


mgyoe.com

mgyoe.com
'တို့က မနက်ဘက်ဆိုရင် ဗိုက်အမြဲဆာတတ်တာ။ အိပ်ချင်နေရင် တောင် တစ်ခုခု စားလိုက်ရမှ။ ဒါပေမဲ့ အခု ဒီအိမ်မှာ ဘာစားစရာမှ မရှိဘူး။ တစ်ခုခု လှမ်းမှာကြရအောင်။ မီခါဂျီ ဘာစားချင်သလဲ' လို့ ကျွန်မကို မေးပါတယ်။

ကျွန်မ ခပ်ရဲရဲပဲ ပြောချလိုက်တယ်။

'ကျွန်မ တစ်ခုခု လုပ်ပေးရမလားဟင်'

'တကယ် ပြောတာလား။ အိပ်ချင်မူးတူးကြီးနဲ့ ဓားတွေ ဘာတွေ ကိုင်လို့ ဖြစ်ပါ့မလား' လို့ သူက သံသယနဲ့ ပြန်မေးတယ်။

'လုံးဝ ဖြစ်တယ်'

တိုက်ခန်းတစ်ခုလုံးဟာ အလင်းရောင်တွေနဲ့ ပြည့်လျှမ်းနေတယ်။ နေစာလှုံခန်း တစ်ခုလိုပါပဲ။ ချစ်စရာကောင်းလှတဲ့ အဆုံးအစမဲ့ ကောင်း ကင်ပြာပြာကို ကျွန်မ လှမ်းကြည့်လိုက်တယ်။ ကျက်သရေ ရှိလိုက်တာ နော်။

ကျွန်မ သဘောကျတဲ့ မီးဖိုချောင်ထဲမှာ ကျွန်မ ရှိနေတာမို့ ပျော် လည်း ပျော်မိပြီး ခေါင်းလည်း ကြည်လင်လာပါတယ်။ အီရီကိုဟာ ယောကျ်ားတစ်ယောက် ဆိုတာကို ကျွန်မ ဖျတ်ခနဲ သတိရလိုက်မိတယ်။ သူ့ကို ကျွန်မ လှည့်ကြည့်လိုက်တယ်။ ဒီနေရာကို အရင်က ရောက်ဖူး သလိုလို အခုဖြစ်ပျက်နေတာတွေကို ကြုံဖူးသလိုလို စိတ်က ရုတ်တရက် ရေတက်လာသလို ကျွန်မရဲ့စိတ်ထဲကို ဝေါခနဲ ဝင်လာတယ်။

အိမ်တစ်ခုလုံးက သစ်သားနံ့ သင်းနေတယ်။ ဖြိုးဖြိုးဖြိုင်ဖြိုင် ကျ လာတဲ့ မနက်ခင်း အလင်းထဲမှာ အင်မတန် ကြီးမားတဲ့ လွမ်းမောမှုကို ကျွန်မ ခံစားရတယ်။ အီရီကိုက ကြမ်းပြင်ပေါ်မှာ ကူရှင်တစ်ခုကို ဆွဲ ယူလိုက်ပြီး တီဗီကြည့်ဖို့အတွက် ကူရှင်ပေါ်မှာ ကွေးလိုက်ပါတယ်။

* * *

သခွားသီးသုပ်နဲ့ ကြက်ဥ ထည့်ထားတဲ့ ဆန်ပြုတ်တွေကို သူ အားရပါးရ စားနေပါတယ်။

နေက တစ်ဝက်ကျိုးလေပြီ။ နွေဦးနဲ့တူတဲ့ ကနေ့ ရာသီဥတုထဲမှာ ကလေးတွေက ဆူဆူညံညံ အော်ဟစ် ဆော့ကစားနေကြတယ်။ သူတို့ရဲ့ အသံ ချိုချိုလွင်လွင်ဟာ အဆောက်အဦရဲ့ ရှေ့ဥယျာဉ်ဆီကနေ ကျွန်မ


mgyoe.com

တို့ထံ ပျံ့လွင့်လာပါတယ်။ နူးညံ့ညင်သာတဲ့ နေရောင်ခြည်က ပြတင်းပေါက်အနားက အပင်တွေကို ဝန်းရံ ဖုံးလွှမ်းထားတာမို့ အပင်တွေဟာ အစိမ်းရောင် တောက်ပနေကြတယ်။ ဖြူဖျော့ဖျော့ ကောင်းကင်ထဲမှာတော့ ခပ်ပါးပါး တိမ်တွေက ညင်သာစွာ စီးဆင်းမျောပါနေတယ်။ ပူနွေးပြီး ပျင်းတိပျင်းတွဲနိုင်လှတဲ့ နေ့လယ်ခင်းပါ။

မနေ့က မနက်တုန်းကတော့ ဒါမျိုးတွေကို ကြုံရဖို့ ကျွန်မ စိတ်ကူးတောင် မယဉ်နိုင်ခဲ့ပါဘူး။ အခုတော့ သိပ်မကြာခင်ကမှ သိခဲ့ရတဲ့ အခြားတစ်ယောက်ရဲ့အိမ်မှာ မနက်စာတွေ ဘာတွေ စားလို့ပေါ့။ ထူးဆန်းလိုက်တာနော်။ စားပွဲတွေ ဘာတွေ မရှိဘူးဆိုတော့ ကြမ်းပြင်ပေါ်မှာပဲ ခင်းပြီး စားလိုက်ကြတာ။ နေရောင်က ခွက်တွေကို ထိုးဖောက်ကျရောက်။ အေးစက်နေပြီဖြစ်တဲ့ ရေနွေးကြမ်းရဲ့အရိပ်ဟာ ကြမ်းပြင်ပေါ်မှာ တကယ့်ကို လှလှပပ။

ရတ်တရက် အီရိကိုက ကျွန်မရဲ့မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ပြီး ပြောတယ်။

'မီခါဂျီရဲ့ မျက်နှာက တို့အိမ်မှာရှိခဲ့ဖူးတဲ့ ခွေးကလေး ဂူဖီနဲ့ တူတယ်လို့ ယူအီချီက တို့ကို ပြောတယ်။ အခုမှ သေချာကြည့်မိတယ်။ တကယ်တူတယ် သိလား'

'သူ့နာမည်က ဂူဖီတဲ့လား'

'ဟုတ်တယ်။ ဂူလ်ဖီလို့လည်း ခေါ်လို့ရတယ်'

'အင်း ... ဂူဖီ ...' လို့ ကျွန်မက ရေရွတ်လိုက်တယ်။

'မျက်လုံးလှတာချင်းလည်း တူတယ်။ ဆံပင်လှတာချင်းလည်း တူတယ်။ မနေ့က မီခါဂျီကို စစမြင်ချင်းမှာ တို့ သိပ်ရယ်ချင်တာပဲ သိလား။ မရယ်မိအောင် မနည်းထိန်းရတယ်။ ဂူဖီနဲ့ တကယ့်ကိုတူတာ'

'တကယ်ပဲလားရှင်'

ခွေးတစ်ကောင်နဲ့ ရုပ်ချင်းဆင်တယ် ဆိုတာကို ကျွန်မ သိပ်ပြီး မယုံကြည်ချင်ပါဘူး။ ပြီးတော့ အဲဒီ ဂူဖီသာ စိန့်ဘင်နာဒ် ခွေးမျိုးဆိုရင်တော့ သွားပါပြီ။

'ဂူဖီ သေတော့ ယူအီချီ အတော်လေး စိတ်ထိခိုက်ရှာတာ။ ဘာမှလည်း မစားဘူး။ ထမင်းတစ်စေ့တောင် လက်နဲ့ မထိဘူး။ ဒါကြောင့်



mgyoe.com

mgyoe.com
လည်း မီခါဂျီကို သူခင်မင်တာ ဖြစ်မှာပေါ့။ အချစ်ကိစ္စ ဟုတ် မဟုတ်တော့ တို့ အာမ မခံနိုင်ဘူးနော်'

အဲသလို ပြောပြီး အီရီကိုက တသိမ့်သိမ့် ရယ်နေတယ်။

'ကောင်းပါပြီရှင်' လို့ ကျွန်မ ပြန်ပြောလိုက်တယ်။

'မီခါဂျီရဲ့ ဘွားဘွားက သိပ်ကြင်နာတတ်တာပဲလို့ ယူအီချီက ပြောတယ်'

'ဘွားဘွားက သူ့ကို တော်တော်လည်း ခင်ပုံရပါတယ်'

'အင်း ... ဒီကောင်လေးကတော့လေ သူ့ကို တို့ပဲ ဒိုင်ခံကျွေးမွေးစောင့်ရှောက်ခဲ့တယ်ဆိုပေမဲ့ သူ့အနားမှာ အမြဲတမ်း အချိန်ပြည့်တော့ မနေနိုင်ခဲ့ဘူး။ ဒါကြောင့် သူ့မှာ ပုံမှန်မဟုတ်တဲ့ ကိစ္စလေးတွေများ ရှိလေမလားဆိုပြီး တို့ စိုးရိမ်မိတယ်'

'ပုံမှန်မဟုတ်တဲ့ကိစ္စ ... ဟုတ်လား'

ကျွန်မ သူ့ကို ပြုံးပြရင်း မေးလိုက်တယ်။

သူက မိခင်ဆန်တဲ့ အပြုံးမျိုးနဲ့ ပြန်ပြုံးပြတယ်။

'ဟုတ်တယ်ကွဲ့။ သူ့ကြည့်ရတာ စိတ်ခံစားမှုနဲ့ ပတ်သက်လာရင် ကောင်းကောင်း ဝေခွဲတတ်ပုံ မရဘူး။ လူတွေနဲ့လည်း သိပ်ရောရောထွေးထွေး မရှိဘူး။ တို့ဘက်က လိုအပ်ချက်တွေကြောင့်ပဲ ဖြစ်မှာပါလေ။ ဒါပေမဲ့ သူ့ကို လူကောင်းသူကောင်းကလေးတစ်ယောက် ဖြစ်လာစေချင်တာတော့ အမှန်ပဲ။ အဲသလိုဖြစ်အောင်လည်း အထူးဂရုစိုက်ပြီး သွန်သင်စောင့်ရှောက်ခဲ့တယ်။ တကယ်လည်းတော်တဲ့ ကလေးပါ။ မီခါဂျီလည်း ရိပ်မိမှာပေါ့'

'ဟုတ်ကဲ့၊ ရိပ်မိပါတယ်'

'မီခါဂျီလည်း လိမ္မာပါတယ်' လို့ အီရီကိုက ရွှင်ရွှင်မြူးမြူး ပြုံးရင်း ပြောလိုက်တယ်။

သူ့ရဲ့ညှို့ဓာတ်ဟာ သူ့ရဲ့ခွန်အားပါပဲ။ အဲသလို ညှို့ငင်ဆွဲဆောင်နိုင်မှုကြောင့်လည်း ဒီကနေ့ ဒီအနေအထားကို သူရောက်လာခဲ့တာပါ။ အဲဒီညှို့ဓာတ်ကို ကွယ်လွန်သွားပြီဖြစ်တဲ့ သူ့ရဲ့ဇနီးကော၊ သူ့ရဲ့သားဖြစ်သူ ယူအီချီကော မှိန်လျော့ ကျဆင်းသွားအောင် မလုပ်နိုင်ပါဘူး။ အဲဒီ အရည်အသွေးကောင်းကြောင့်ပဲ အင်မတန် အေးစက်တဲ့ အထီးကျန်


mgyoe.com

mgyoe.com
မှုကို ပြစ်ဒဏ်တစ်ရပ်အနေနဲ့ ခံစားနေခဲ့ရပုံ ရှိပါတယ်။

သခွားသီးကို ပလုတ်ပလောင်း ဝါးရင်းနဲ့ သူ ပြောတယ်။

'လူတွေ စကားပြောကြတဲ့အခါ လူတော်တော်များများဟာ သူတို့ ရင်ထဲမှာ တကယ်မရှိတာတွေကို ရှိသလိုလို ထုတ်ပြောတတ်ကြတယ်။ ဒါပေမဲ့ တို့ အခုပြောမယ့်စကားက တို့ရဲ့ရင်ထဲက လာတာပါ။ မီခါဂျီ ဒီမှာပဲ ဆက်နေပါ။ မီခါဂျီ ကြိုက်သလောက်နေလို့ ရပါတယ်။ သမီးက အင်မတန်တော်တဲ့ ကလေးမို့ သမီး ဒီမှာရှိနေတာကို တို့ သိပ်သဘောကျတာပဲ။ တကယ့်ကို ပျော်ရွှင်ရပါတယ်။ ပူဆွေးသောက ခံစားနေရတယ်ဆိုတာ မလွယ်မှန်း တို့သိပါတယ်။ အဲသလိုပဲ ဘယ်ကို သွားလို့သွားရမှန်း မသိ ဖြစ်နေတာကိုလည်း တို့ စာနာတယ်။ ကျေးဇူးပြုပြီး တို့နဲ့ ဆက်နေပါ။ တခြား ဘာကိုမှ တွေးပူမနေနဲ့တော့၊ ဟုတ်ပြီလား'

အီရီကိုဟာ ကျွန်မရဲ့မျက်လုံးတွေကို စိုက်ကြည့်ပြီး လေးလေးနက်နက် ပြောလိုက်တာ ဖြစ်ပါတယ်။

'ဒါဆိုလည်း ထုံးစံအတိုင်း ကျွန်မ အိမ်လခပေးပါ့မယ်' လို့ ကျွန်မ ပြန်ပြောလိုက်တယ်။ ကျွန်မ အရမ်းလည်း နင့်နင့်နဲနဲ ခံစားလိုက်ရပါတယ်။ ကျွန်မရဲ့ရင်ဘတ်ဟာ ပေါက်ကွဲတော့မတတ် ပြည့်နင့်နေပါတယ်'

'နောက်တစ်နေရာကို ရှာမတွေ့ခင် စပ်ကြား ကျွန်မ ဒီမှာနေပါ့မယ်။ ကျွန်မကို အခုလို နေခွင့်ပေးတာ အရမ်းကို ကျေးဇူးတင်ပါတယ်ရှင်'

'ရပါတယ်ကွယ်၊ ရပါတယ်။ ဘာကိုမှ တွေးမနေနဲ့တော့ အခန်းခပေးမယ့်အစား တို့အတွက် ကြုံရင်ကြုံသလို ဆန်ပြုတ်ကျွေးပါလား။ မီခါဂျီ ချက်တာက ယူအီချီထက် အများကြီး သာတယ်'

* * *

အသက်အရွယ် အိုမင်းတဲ့သူနဲ့ နှစ်ယောက်တည်း အတူနေရတဲ့ ကိစ္စဟာ စိတ်ဖိစီးမှုကို အများကြီး ပေးပါတယ်။ အသက်ကြီးတဲ့လူက ပိုပြီး ကျန်းမာလာလေလေ ပိုပြီး စိတ်ပူရလေလေပါပဲ။ ဘွားဘွားနဲ့အတူ ကျွန်မ နေခဲ့ရတဲ့ အတွေ့အကြုံကတော့ အဲသလို မဟုတ်ပါဘူး။ တကယ်ပဲ ပျော်နေခဲ့တာပါ။ ဒါပေမဲ့ အခုနေ ပြန်ပြောင်း စဉ်းစားကြည့်တဲ့အခါမှာတော့ ကျွန်မရဲ့စိတ်အတွင်းပိုင်း နက်နက်ထဲမှာ အကြောက်တရား


mgyoe.com

တစ်ခု အမြဲရှိနေခဲ့တယ်ဆိုတာကို ပြန်မြင်ရပါတယ်။ ဘွားဘွား ဘယ်အချိန်မှာများ လှူပြည်ကနေ ထွက်ခွာသွားမလဲဆိုပြီး ကြောက်နေခဲ့တာပေါ့။

ကျွန်မ အပြင်ကနေ အိမ်ပြန်လာတဲ့အခါ ဘွားဘွားဟာ တီဗီကိုထားတဲ့ ဂျပန်စတိုင် အခန်းကလေးထဲကနေ ထွက်လာပြီး 'ငါ့မြေး ပြန်လာပြီ' လို့ ဆီးကြိုနှုတ်ဆက်လေ့ ရှိပါတယ်။ ကျွန်မ အိမ်ပြန်နောက်ကျတဲ့အခါတွေမှာ ဘွားဘွားအတွက် မုန့်အချိုတွေ အမြဲ ဝယ်လာခဲ့ပေးပါတယ်။ ဘွားဘွားက အင်မတန် စိတ်အေးလက်အေး ရှိတာ။ ကျွန်မရဲ့ သူငယ်ချင်းတွေ အိမ်မှာ ညသွားအိပ်မယ်၊ ဘာညာဆိုရင်လည်း ကြည်ကြည်ဖြူဖြူ သွားခွင့်ပြုခဲ့တာချည်းပဲ။ ညဘက် အိပ်ရာမဝင်ခင်မှာတော့ ကျွန်မနဲ့ ဘွားဘွားတို့ဟာ ကော်ဖီလေးသောက်၊ တစ်ခါတလေ ရေနွေးကြမ်းလေးသောက်၊ ကိတ်မုန့်လေးစား၊ တီဗီလေးကြည့်ရင်း အတူတကွ အချိန်ကို ကုန်ဆုံးစေပါတယ်။

ဘွားဘွားရဲ့ အိပ်ခန်းလေးက ကျွန်မ ငယ်ငယ်ကအတိုင်းပဲ ဘာမှ မပြောင်းလဲဘူး။ အဲဒီအခန်းထဲမှာ နှစ်ယောက်သားထိုင်ပြီး အတင်းတုပ်ကြရတာလည်း ပျော်စရာပါ။ နာမည်ကျော် သရုပ်ဆောင်တွေအကြောင်း၊ အဲဒီနေ့မှာ ဖြစ်ပျက်ခဲ့တာတွေအကြောင်း စသဖြင့် ဟိုပြောဒီပြောနဲ့ပေါ့လေ။ ယူအီချီအကြောင်းကိုလည်း အဲဒီတုန်းကပဲ ကျွန်မကို ပြောပြခဲ့လိမ့်မယ် ထင်တယ်။

ဘယ်လောက်ပဲ အိပ်မက်ဆန်တဲ့ အချစ်ကို ကျွန်မ ကြုံတွေ့ခဲ့ဖူးပါစေ၊ အဲဒီအချစ်မှာ ဘယ်လောက်ပဲ ယစ်မူးနေခဲ့ဖူးပါစေ၊ ကျွန်မရဲ့ နှလုံးသားထဲမှာ စွဲစွဲမြဲမြဲ သိနေတာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ မိသားစုရယ်လို့ ဆိုလာရင် ကျွန်မအပြင် နောက်တစ်ယောက်သာ ရှိတယ်ဆိုတာပါပဲ။

ကလေးတစ်ယောက်နဲ့ သက်ကြီးရွယ်အို တစ်ယောက်တို့ဟာ ဘယ်လောက်ပဲ ပျော်ပျော်ရွှင်ရွှင် ရှိနေခဲ့ပါစေ၊ ဘယ်တော့မှ ဖြည့်ဆည်းလို့ မရတဲ့ လေဟာနယ်တစ်ခု၊ သေခြင်းတရားဆန်တဲ့ တိတ်ဆိတ်မှုတစ်ခုဟာ အခန်းထောင့်တစ်နေရာကနေ အသက်ကို ပြင်းပြင်းရှူရင်း တုန်ယင် ထိတ်လန့်မှုတစ်ခုလို ချင်းနင်း ဝင်ရောက်လာနေခဲ့တယ်။ ဘယ်



mgyoe.com

သူကမှ ပြောမပြခဲ့ပေမဲ့ ဒါကို ကျွန်မ အစောကြီးကတည်းကနေ ကြိုတင်ခံစားနေခဲ့ရပါတယ်။

ယူအီချီလည်း ဒါမျိုး ခံစားခဲ့ရလိမ့်မယ်လို့ ကျွန်မထင်တယ်။

ကျွန်မတို့အားလုံး တစ်ဦးချင်း၊ တစ်ယောက်ချင်း လျှောက်လှမ်းနေကြရတဲ့ အမှောင်ထုထဲက အထီးကျန်လမ်းပေါ်မှာ အလင်းရောင်ကို လိုချင်ရင် မိမိတစ်ယောက်တည်းအတွက်သာ ရနိုင်မယ်ဆိုတဲ့ အချက်ကို ကျွန်မ ဘယ်အချိန်တုန်းက စတင် သဘောပေါက်ခဲ့မိပါလိမ့်။ ကျွန်မဟာ ချစ်ခြင်းမေတ္တာနဲ့အတူ ပြုစုစောင့်ရှောက်ခံခဲ့ရပေမဲ့လည်း အမြဲတမ်း အထီးကျန် ဖြစ်နေခဲ့တာပါ။

တစ်နေ့နေ့မှာတော့ တစ်စုံတစ်ယောက်ဟာ မပျက်မကွက် ကွယ်ပျောက်သွားမှာပဲ။ အချိန်ကာလရဲ့ အမှောင်ထုထဲကို စိမ့်ဝင်ပြယ်လွင့်သွားမှာပဲ။ အဲဒီအသိနဲ့အတူ ကျွန်မ နေထိုင်ခဲ့ရတယ်။ ဒါကြောင့်လည်း အခြားအရာတွေအပေါ် ယူအီချီရဲ့ တုံ့ပြန်ပုံ၊ ပြုမူနေထိုင်ပုံတွေဟာ ကျွန်မအတွက် သဘာဝကျသလို ဖြစ်နေခဲ့တာပေါ့။

ပြီးတော့ အဲဒါကြောင့်ပဲ သူတို့နဲ့အတူ နေထိုင်ဖို့ ကျွန်မ ခပ်မြန်မြန်ပဲ ဆုံးဖြတ်ခဲ့တာပါ။

မေလရောက်တဲ့အထိ ဘာမှမလုပ်ဘဲ အပျင်းထူနေဖို့ ကျွန်မကိုယ်ကျွန်မ ခွင့်ပြုလိုက်တယ်။ လောလောဆယ်မှာတော့ ကျွန်မ နတ်ပြည်ကို ရောက်နေပါတယ်။ ကျွန်မရဲ့ အချိန်ပိုင်းအလုပ်ကိုတော့ ဆက်လုပ်ဖြစ်ပြီး အလုပ်ပြီးတဲ့အခါ အိမ်ပြန်လာ၊ အိမ်သန့်ရှင်းရေးလုပ်၊ တီဗီကြည့်၊ ကိတ်မုန့်ဖုတ်။ ကျွန်မရဲ့ နေထိုင်ပုံက အိမ်ထောင်ထိန်း တစ်ယောက်နဲ့တောင် တူနေတယ်။

အလင်းရောင်နဲ့ လေဟာ ကျွန်မရဲ့ နှလုံးသားထဲကို နည်းနည်းချင်း ဝင်ရောက်လာတယ်။ ကျွန်မ စိတ်အရမ်း လှုပ်ရှားနေမိပါတယ်။

ယူအီချီက ကျောင်းတက်ရင်းအလုပ်လုပ်၊ အီရီကိုကလည်း ညဘက်မှာ အလုပ်လုပ်တယ်ဆိုတော့ ကျွန်မတို့သုံးယောက် ဆုံမိတယ်လို့ကို မရှိပါဘူး။ အစောပိုင်းမှာတော့ ကျွန်မ အရမ်း ပင်ပန်းနေခဲ့တယ်။ ဧည့်ခန်းထဲမှာ အိပ်လေ့အိပ်ထ မရှိတာလည်းပါတာပေါ့။ ပြီးတော့ ကျွန်မရဲ့ ပစ္စည်းတွေကို သယ်ဖို့အတွက် အခုအိမ်နဲ့ အရင်အိမ်ကြားမှာ ခေါက်



mgyoe.com

mgyoe.com SAMPLE BOOK
တို့ခေါက်ပြန် ပြေးလွှားရတာလည်း မိတာပေါ့လေ။ နောက်ပိုင်းမှာတော့ ကျင့်သားရလာပါတယ်။

တာနာဘီ သားအမိ ပိုင်တဲ့ ဆိုဖာကို ကျွန်မ ချစ်သလို သူတို့ရဲ့ မီးဖိုချောင်ကလည်း ကျွန်မ စိတ်ကြိုက်ပဲ။ ဆိုဖာပေါ်မှာ အိပ်ရတာကို စွဲတောင် စွဲလမ်းလာပါတယ်။ အပင်တွေရဲ့ နူးညံ့ညင်သာတဲ့ အသက်ရှူသံကို နားထောင်ရင်း၊ ညရှုခင်းကို ပြတင်းပေါက် လိုက်ကာတွေက တစ်ဆင့် အာရုံခံစားရင်းနဲ့ ပီဘိကလေးတစ်ယောက်လို ကျွန်မ အိပ်စက်ပါတယ်။ ဒီထက်ပိုပြီး ကျွန်မ လိုချင်တာ ဘာမှမရှိပါဘူး။ ကျွန်မ ပျော်ပါတယ်။

ကျွန်မ အမြဲတမ်း အဲသလိုပဲ သိလား။ ကျွန်မကို မတွန်းရင် ကျွန်မ တစ်စက်ကလေးမှကို မရွေ့ဘူး။ ဒီတစ်ကြိမ်မှာလည်း အဲဒီအတိုင်းပါပဲ။ ပရိဒေဝမီး တောက်လောင်ခဲ့ရပြီးနောက် အခုလို နွေးထွေးတဲ့ အိပ်ရာတစ်ခု ရခဲ့ခြင်းအပေါ် အရမ်း ကျေးဇူးတင်နေမိတယ်။ သူတို့ တကယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နတ်ဘုရားတွေကိုလည်း အူထဲ အသည်းထဲကနေ ကျေးဇူးတင်နေမိပါတယ်။

* * *

တစ်ရက်မှာတော့ လက်ကျန်ပစ္စည်းတွေကို နောက်ဆုံးတစ်ခေါက် သယ်ဖို့ဆိုပြီး တိုက်ခန်းအဟောင်းဆီကို ကျွန်မ သွားလိုက်တယ်။ တံခါးကို ဖွင့်လိုက်တဲ့အခါမှာတော့ ကျွန်မ တုန်ယင်သွားရပါတယ်။ လူစိမ်းတစ်ယောက်ရဲ့အိမ်ကို ပြန်ရောက်နေသလို ခံစားရပါတယ်။

အေးစိမ့်မှောင်မည်းပြီး သက်ပြင်းသံလေး တစ်ခုတောင်မှ မကြားရပါဘူး။ အရာရာဟာ ကျွန်မနဲ့ ရင်းရင်းနှီးနှီး ရှိရမယ့်အစား ကျွန်မကို ဥပေက္ခာပြုနေကြပါတယ်။ ကျွန်မ ခြေဖျားထောက်ပြီး မဝံ့မရဲ ဝင်လိုက်တယ်။ ဝင်ခွင့်တောင်းရမလိုလိုတောင် ခံစားရပါတယ်။

ဒီအခန်းထဲမှာ ဘွားဘွား ကွယ်လွန်တော့ အချိန်ကာလလည်း သေဆုံးသွားတယ်။ အဲဒီအချက်ရဲ့ စစ်မှန်သေချာမှုဟာ ချက်ချင်းလက်ငင်း သက်ရောက်မှု ရှိပါတယ်။ အဲဒါကို ကျွန်မအနေနဲ့ ပြောင်းလဲနိုင်စွမ်း မရှိပါဘူး။ အခုချက်ချင်း လှည့်ထွက်မသွားချင်ဘူး ဆိုရင်တော့ ကျွန်မအနေနဲ့ လုပ်စရာတစ်ခုပဲ ရှိပါတယ်။ သီချင်းတစ်ပုဒ်ကို ညည်းဆို


mgyoe.com

ရင်း ရေရဲ့သေတ္တာကို ကျွန်မ ဆေးကြော တိုက်ချွတ်လိုက်တယ်။

အဲဒီအခိုက်မှာပဲ တယ်လီဖုန်းက ထမြည်တယ်။

ကျွန်မ ဖုန်းကို ကောက်ကိုင်လိုက်တယ်။ စိတ်ထဲမှာတော့ အဲဒါ ဘယ်သူဖြစ်မယ် ဆိုတာကို သိနှင့်နေပြီးသား ဆိုတာပါပဲ။ ကျွန်မရဲ့ ရည်းစားဟောင်းပါ။ ဘွားဘွားရဲ့ ရောဂါအခြေအနေ ဆိုးလာတဲ့အချိန် လောက်မှာပဲ သူနဲ့ ကျွန်မ ကိစ္စပြတ်သွားတာ။

'ဟယ်လို ... မိခါဂျီလား'

သူ့အသံကို ကြားရတော့ လွမ်းဆွေးမှုက လျှံတက်လာပြီး ကျွန်မ ငိုချင်စိတ် ပေါက်လာတယ်။ ကျွန်မ ရွှင်ရွှင်မြူးမြူးနဲ့ ပြန်အော်လိုက် တယ်။

'ဟဲ့ ... နင် ဘယ်ပျောက်နေတာလဲ။ မတွေ့တာ ကြာလှပြီ'

ကျွန်မတို့နှစ်ယောက် တွေ့ရင် ရှက်တယ် ပြုတယ်ရယ်လို့ မရှိဘူး။

'အေး ... ဟုတ်တယ်။ နင့်ကို အတန်းထဲမှာ မမြင်ရလို့ ငါလည်း ဟိုမေးဒီမေး လျှောက်မေးရင်းက နင့်အဘွား ဆုံးတဲ့အကြောင်းကို ကြား ရတာ။ ငါ တုန်လှုပ်သွားမိတယ်။ ... ဒါကတော့ တကယ့်ကို ထိချက် ပြင်းလွန်းပါတယ်'

'ဟုတ်တယ်။ အဲဒါကြောင့် ငါလည်း အလုပ်တွေ ရှုပ်နေရတာ'

'နင် အခု အပြင်ထွက်လာလို့ရလား'

'လာခဲ့မယ်လေ'

ဘယ်မှာဆုံကြရင် ကောင်းမလဲဆိုတာကို စဉ်းစားကြရင်းနဲ့ ပြတင်း ပေါက်ကို ကျွန်မ ကြည့်လိုက်မိတယ်။ ကောင်းကင်က မှုန်မှိုင်းတဲ့ မီးခိုး ရောင် တိမ်လိပ်တွေကို လေက ခပ်ပြင်းပြင်း တွန်းထိုးပစ်နေတယ်။ ဒီကမ္ဘာပေါ်မှာ ပူဆွေးမှုအတွက် နေရာမရှိ။ တကယ်ကို မရှိတာပါ။

* * *

ဆိုတားရိုးက ပန်းခြံတွေကို ကြိုက်တယ်။

စိမ်းစိုတဲ့နေရာတွေ၊ လဟာပြင်တွေ အိမ်ရဲ့ပြင်ပကနေရာတွေ ...၊ အဲဒီနေရာတွေ အားလုံးကို သူ ကြိုက်တယ်။ ကျောင်းမှာဆိုလည်း ဥယျာဉ် ထဲမှာ သူ့ကို တွေ့ရင် တွေ့ရ၊ ဒါမှမဟုတ်ရင် ကစားကွင်းဘေးက ထိုင်ခုံ မှာ ထိုင်နေတာကို တွေ့ရလိမ့်မယ်။ ဆိုတားရိုးကို ရှာချင်ရင် ခပ်စိမ်းစိမ်း



mgyoe.com

ရှိတဲ့ နေရာတွေမှာ သွားရှာချေဆိုတဲ့ စကားဟာ တက္ကသိုလ်မှာ ပြော
စမှတ် တွင်ရစ်ခဲ့ပါပြီ။ အပင်တွေနဲ့ လုပ်ရတဲ့ အလုပ်တစ်ခုခုကို သူ
ဖောက်ချလုပ်ဖို့ အစီအစဥ်ရှိထားပါတယ်။

ဘာကြောင့်လဲတော့ မသိဘူး။ ကျွန်မနဲ့ ပတ်သက်တဲ့ ယောကျ်ား
တွေဟာ အပင်တွေနဲ့ တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်နေကြပါတယ်။

ပျော်ပျော်ရွှင်ရွှင်ရှိခဲ့တဲ့ တစ်ခါကတော့ ကျွန်မနဲ့ ဆိုတားရိုးဟာ
အများစံထားရတဲ့ ကျောင်းသားစုံတွဲပါပဲ။ (ဆိုတားရိုးကတော့ အမြဲ
တမ်း ပျော်ပျော်နေတတ်သူပါ) သူက အပြင်လောကအပေါ် အစွဲအလမ်း
ကြီးလွန်းတာကြောင့် သေမလောက် အေးတဲ့ ဆောင်းရာသီမှာတောင်
အပြင်မှာ ချိန်းတွေ့ခဲ့ကြရတာ။ ဒါပေမဲ့ ကျွန်မက မကြာခဏဆိုသလို
နောက်ကျတတ်တာကြောင့် နှစ်ယောက်စလုံး လာဖို့နီးတဲ့ ဆုံရပ်ကို
သတ်မှတ်ခဲ့ကြရတယ်။ ပန်းခြံအစပ်က အဓိပ္ပာယ်မဲ့လောက်အောင် ကြီး
မားတဲ့ ကော်ဖီဆိုင်ကို ကျွန်မတို့ နှစ်ယောက်စလုံး ခိုက်သွားကြပါတယ်။

ဒီနေ့လည်း ဆိုတားရိုးဟာ အဲဒီ ကော်ဖီဆိုင်ကြီးထဲမှာ ထိုင်နေပါ
တယ်။ သူ ထိုင်နေတဲ့နေရာက ပန်းခြံနဲ့ ကပ်လျက်ဖြစ်ပြီး သူဟာ ပြတင်း
ပေါက်ရဲ့ အပြင်ကို ငေးကြည့်နေပါတယ်။ မိုးသားတွေ ထူထပ် မှောင်မည်း
နေတဲ့ ကောင်းကင်နောက်ခံမှာ သစ်ပင်တွေက လေယူရာ ယိမ်းနေကြ
တယ်။ စားပွဲထိုး ကောင်မလေးတွေကို ရှောင်ရှားရင်း သူ့ဆီကို ကျွန်မ
သွားလိုက်တယ်။ ကျွန်မကို မြင်တော့ သူ ပြုံးတယ်။

'မိုးရွာတော့မလား မသိဘူး' လို့ သူ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ရင်း
ကျွန်မ ပြောလိုက်တယ်။

'ဟင့်အင်း ... သိပ်မကြာခင်မှာ တိမ်တွေ ပြန်ရှင်းသွားမှာ။ တို့
နှစ်ယောက် အကြာကြီးနေမှ အခုလို ပြန်တွေ့ကြတာကို ရာသီဥတု
အကြောင်း ပြောနေကြတယ်။ ရယ်ရတယ်ဟေ့'

သူ့ရဲ့ အပြုံးကြောင့် ကျွန်မ စိတ်သက်သာရာ ရခဲ့ပါတယ်။

ကိုယ်နဲ့ အရမ်းရင်းနှီးတဲ့ လူတစ်ယောက်နဲ့အတူ နေ့လယ်ခင်း
လက်ဖက်ရည်သောက်ရတာ သိပ်ကိုကောင်းပါတယ်။ သူ အိပ်တဲ့အခါ
ဟိုလိုမ့် ဒီလိုမ့် ဘယ်လောက်တောင် လုပ်တတ်တယ် ဆိုတာကော သူ
ကော်ဖီသောက်တဲ့အခါ နွားနို့ ဘယ်လောက်၊ သကြား ဘယ်လောက်



mgyoe.com

ထည့်တတ်တယ် ဆိုတာကိုပါ ကျွန်မ ကောင်းကောင်း သိပါတယ်။ မှန်ကြည့်ပြီ ဆိုရင်လည်း တကယ့်ကို အတည်ပေါက်။ ထိန်းရသိမ်းရ အင်မတန်ခက်တဲ့ သူ့ရဲ့ ဆံပင်အုံကြီးကို လေမှုတ်စက် တဂူးဂူးနဲ့ ပြင်နေလိုက်တာများ တကယ့်ကို အသည်းအသန်ပါ။ အကယ်၍ သူနဲ့သာ ဆက်ပြီး တွဲဖြစ်နေဦးမယ်ဆိုရင် စောစောက ရေခဲသေတ္တာကို တိုက်ချွတ်ရင်း ကျွန်မရဲ့ညာဘက်လက်က လက်သည်းနီတွေ ပျက်ကုန်တဲ့ ကိစ္စကို သူ ဘာများ ပြောဦးမလဲဆိုပြီး ကျွန်မ စိတ်ပူနေရမှာ။

ကျွန်မတို့နှစ်ယောက် ဟိုအကြောင်း ဒီအကြောင်း အတင်းအဖျင်းတွေ ပြောဖြစ်ကြပါတယ်။ အဲဒီမှာ သူက တစ်စုံတစ်ခုကို ရုတ်တရက် သတိရလိုက်သလိုမျိုးနဲ့ အကြောင်းအရာကို ပြောင်းလိုက်တယ်။

'တာနာဘီဆိုတဲ့ ဘဲနဲ့ နင် အတူတူ နေနေတယ်ဆို'

သူ့စကားကြောင့် ကျွန်မ မျက်လုံးပြူးသွားတယ်။ အရမ်းကို အံ့သြသွားပြီး ကျွန်မရဲ့ လက်ဖက်ရည်ခွက်ကိုတောင် တိုက်မိလိုက်ပါတယ်။ လက်ဖက်ရည်ခွက်က စောင်းသွားတာမို့ အောက်က ပန်းကန်ပြားပေါ်ကို လက်ဖက်ရည်တချို့ ဖိတ်သွားတယ်။

'ကျောင်းမှာတော့ အဲသလို ပြောနေကြတာပဲဟ။ ဒါကို နင် မသိဘူးလို့ ငါ့ကို လာမပြောနဲ့နော်'

သူ့ပုံက မကျေမနပ်ဖြစ်နေတဲ့ပုံ။ ဒါပေမဲ့ အားယူပြီး ပြုံးနေတုန်းပဲ။

'ဒီကိစ္စကို နင် သိထားတယ်ဆိုတာကို ငါ မသိတာတော့ အမှန်ပဲ။ ကျောင်းမှာ ဘာတွေ ဖြစ်နေကြလို့တုံး'

'တာနာဘီရဲ့ ရည်းစားလေ ... ဒါမှမဟုတ် ရည်းစားဟောင်းလို့ပဲ ပြောရမလား၊ အဲဒီကောင်မလေးက တာနာဘီကို ပါးရိုက်လိုက်တယ်။ ကျောင်းစားသောက်ဆောင်ထဲမှာ ဖြစ်ကြတာ'

'ဘာ ... ငါ့အတွက်ကြောင့်လား'

'အဲသလိုပဲ နေမှာပေါ့။ နင်တို့နှစ်ယောက်ကတော့ တကယ့်ကို နွေးနွေးထွေးထွေးရှိတယ် မဟုတ်လား။ ငါတော့ အဲသလို ကြားတာပဲလေ'

'တကယ်ပဲလား။ ငါတော့ အခုမှပဲ ကြားဖူးတာ'

'ဒါပေမဲ့ နင် အဲဒီဘဲနဲ့ အခု အတူတူနေတယ် မဟုတ်လား'

'သူ့အမေလည်း နေတာပဲဟဲ့'

mgyoe.com
('အမေ' ဆိုတဲ့ စကားလုံးက အပြည့်အဝတော့ မမှန်ဘူးပေါ့လေ)

'ဘာဖြစ်တယ် ... ငါ့ကို လာညာမနေပါနဲ့ဟာ'

ဆိုတားရိုးက အကျယ်ကြီး ပြောလိုက်တာပါ။ အရင်တုန်းကတော့ သူ့ရဲ့ ပွင့်ပွင့်လင်းလင်းရှိမှုကြောင့် ကျွန်မ သူ့ကို ချစ်ခဲ့ပါတယ်။ ဒါပေမဲ့ လတ်တလော အခြေအနေမှာတော့ သူ့ရဲ့ပွင့်လင်းမှုက မုန်းတီးချင်စရာ ကောင်းနေပါတယ်။ ကျွန်မ အစော်ကားခံလိုက်ရသလို ခံစားရပါတယ်။ သူက ဆက်ပြောတယ်။

'ငါ ကြားရသလောက်တော့ အဲဒီ နာတာဘီဆိုတဲ့ ဘဲက ခပ်ကြောင်ကြောင် ဆိုပဲ'

'အဲဒါကို ငါ မသိဘူး။ ငါ သူနဲ့သိပ်ပြီး တွေ့ဖြစ်တာလည်း မဟုတ်ဘူး။ စကားလည်း သိပ်မပြောဖြစ်ကြဘူး။ သူတို့က ခွေးတစ်ကောင်ကို အိပ်ပေါ် ခေါ်တင်ထားသလိုမျိုး ငါ့ကို ခေါ်တင်ထားတာပဲ။ ငါ့ကို သဘောကျလို့၊ ဘာလို့ရယ်လည်း မဟုတ်ဘူးဟဲ့။ ဒါကြောင့် သူ့အကြောင်းကို ငါ မသိဘူး ပြောတာ။ ပြီးတော့ နင် စောစောကပြောတဲ့ ပါးရိုက်တယ် ဆိုတဲ့ကိစ္စ။ ဘာမှ အသုံးမကျတဲ့ အဲဒီကိစ္စကိုလည်း ငါ မသိခဲ့ဘူး'

'နင် ဘယ်လိုလူမျိုးကို သဘောကျသလဲဆိုတာကို ငါတော့ မခန့်မှန်းတတ်အောင်ပဲ မီခါကို။ ဒါက နင့်အတွက်တော့ ကိစ္စမရှိဘူး မဟုတ်လား။ အဲဒီအိမ်မှာ နင် ဘယ်လောက်ကြာအောင် နေမှာလဲ'

'ငါ မသိဘူး'

'ဒါဖြင့်ရင်လည်း တစ်ခုခု စဉ်းစားဆုံးဖြတ်ဖို့ မကောင်းပေဘူးလား' လို့ သူက ပြောပြီး ရယ်ကျဲကျဲ လုပ်နေတယ်။

'ငါစဉ်းစားမှာပါ' လို့ ကျွန်မ ပြန်ဖြေလိုက်ပါတယ်။

ဆိုင်ကနေ ထလာတော့ ပန်းခြံကို ဖြတ်ပြီး ကျွန်မတို့ လျှောက်ခဲ့ကြတယ်။ တာနာဘီ မိသားစုနေတဲ့ အဆောက်အဦကို သစ်ပင်တွေကြားကနေ ကောင်းကောင်း မြင်ရပါတယ်။

'ငါ နေတာ အဲဒီမှာ' လို့ ဆိုတားရိုးကို ကျွန်မပြလိုက်တယ်။

'မိုက်တာပေါ့။ ပန်းခြံနဲ့ကပ်လျက်ပဲ။ ငါသာ အဲဒီနေရာမှာ နေလို့ကတော့ မနက်တိုင်းလိုလို ငါးနာရီလောက် အိပ်ရာကထပြီး လမ်းလျှောက်ဖြစ်မှာ သေချာတယ်' လို့ ဆိုတားရိုးက ပြန်ပြောပါတယ်။ သူက


mgyoe.com

mgyoe.com SAMPLE BOOK

အရမ်းကို အရပ်ရှည်တာ။ သူနဲ့ စကားပြောတဲ့အခါ သူ့ကို မော့ပြီး ကြည့်ရပါတယ်။ သူ့ရဲ့ ဘေးတစောင်းမျက်နှာကို ကြည့်ရင်း ကျွန်မ တွေးတယ်။ အင်း ... ငါသာ အခုထိ သူနဲ့ တွဲနေဦးမယ်ဆိုရင် ငါ့ကို ဆံပင်ကနေ ဆွဲခေါ်သွားပြီး တိုက်ခန်းတစ်ခုခုကို အတင်းအဓမ္မ ငှား ခိုင်းမှာ သေချာတယ်။ ပြီးတော့ ကျောင်းတက်ဖို့လည်း အတင်းဆွဲခေါ်မှာ။ အဲသလို တွေးမိရင်းက သူ ခေါ်ရာနောက်ကို အော်ဟစ် ကန်ကျောက်ရင်း ပါသွားတဲ့ ကျွန်မရဲ့ပုံကို မျက်စိထဲ မြင်ယောင်မိပါတယ်။

သူ့ရဲ့စိတ်အားထက်သန်မှုနဲ့ ခပ်ကြမ်းကြမ်း လုပ်တတ်ကိုင်တတ် ပုံတွေကို ကျွန်မ မြတ်နိုးခဲ့ပါတယ်။ အဲဒီအရည်အသွေးတွေကို လိုချင် တောင့်တခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ သူ့ကို လိုက်မမီပါဘူး။ အဲဒီအတွက် ကျွန်မကိုယ်ကျွန်မ ဒေါသဖြစ်မုန်းတီးခဲ့တယ်။ အခုတော့လည်း အဲဒါတွေ ပြီးဆုံးခဲ့ပြီပေါ့လေ။

သူ့မိသားစုမှာ သူက အကြီးဆုံး သားပါ။ သူ့မိသားစုက အင်မတန် သိုက်သိုက်ဝန်းဝန်း ရှိပါတယ်။ တစ်မိသားစုလုံး မျက်နှာချိုကြပြီး အဲဒီ အမွေကို ဆိုတားရိုးလည်း ရရှိခဲ့ပါတယ်။ ကျွန်မကို ဆွဲဆောင်ခဲ့တာက လည်း အဲဒီချိုရွှင်တဲ့ မျက်နှာပေါ့။ ဒါပေမဲ့ လတ်တလောမှာ ကျွန်မ လိုအပ်နေတာကတော့ တာနာဘီ သားအမိရဲ့ တစ်မူထူးခြားတဲ့ ကြည်လင် ရွှင်ပျမှုနဲ့ ငြိမ်းအေးသာယာမှု။ ဒါတွေကို ဆိုတားရိုး သိအောင် ပြောပြဖို့ ကျွန်မ စိတ်မကူးခဲ့ပါဘူး။

လိုမှ မလိုအပ်တာပဲလေ။ ပြီးတော့ ကျွန်မ ရှင်းပြခဲ့သည့်တိုင် သူက နားလည်မှာ မဟုတ်ပါဘူး။ ဆိုတားရိုးနဲ့ ဆုံဖြစ်တဲ့အခါတိုင်း ဒီလိုချည်းပါပဲ။ နားလည်ပေးခြင်း မခံရတာကြောင့် ကျွန်မ စိတ်မကောင်း ဖြစ်မိပါတယ်။

'ငါ သွားတော့မယ်။ တာ့တာ ...'

နှလုံးသားရဲ့ အတွင်းတစ်နေရာက ထွက်ပေါ်လာတဲ့ မေးခွန်းကို ကျွန်မရဲ့မျက်လုံးတွေက မေးလိုက်တယ်။ နင် ငါ့အပေါ်မှာ ခံစားချက် ရှိနေသေးလား ဆိုတားရိုး။ အချိန်မနှောင်းခင် ငါ့ကို ပြောပြခဲ့စမ်းပါ။

'ကဲ ... ချာတိတ်မရေ၊ အားမလျှော့နဲ့နော်' လို့ ပြောပြီး သူက ပြုံး နေတယ်။ အဖြေတစ်ခုကို သူ့ရဲ့မျက်လုံးတွေထဲမှာ ကျွန်မ ရှင်းရှင်းလင်း



mgyoe.com

m g y o e . c o m SAMPLE BOOK
လင်း မြင်လိုက်ရပါတယ်။

'အေးပါဟာ' လို့ ကျွန်မ ပြန်ပြောလိုက်တယ်။ အဲဒီနောက် လက်ကို ဝှေ့ယမ်းပြရင်း လမ်းခွဲလိုက်ကြတယ်။ ခံစားမှုဟာ အကန့်အသတ်မဲ့ ဝေးကွာတဲ့ နေရာတစ်ခုဆီ ထွက်ခွာသွားပြီးနောက် အပြီးအပိုင် ပျောက်ကွယ်သွားပါတော့တယ်။

အဲဒီညနေခင်းမှာ ကျွန်မ ဗီဒီယိုကြည့်နေတုန်း ယူအိချီ ဝင်လာတယ်။ သေတ္တာကြီး တစ်ခုကိုလည်း ပွေ့ထားတယ်။

'အိမ်ပြန်လာပြီလား' လို့ ကျွန်မ နှုတ်ဆက်လိုက်တယ်။

'အီလက်ထရွန်းနစ် လက်နှိပ်စက်တစ်လုံးကို ကျွန်တော် ဝယ်လာတယ်ဗျ' လို့ ယူအိချီက အားရဝမ်းသာနဲ့ ပြောပါတယ်။ ဒီသားအမိက တော့ ပစ္စည်းအသစ်တွေ ဝယ်ရတာကို အင်မတန်ကြိုက်တာပဲလို့ ကျွန်မ တွေးမိတယ်။ သူတို့ ဝယ်ပုံခြမ်းပုံက အကျင့်ဆိုးတစ်ခု နီးပါးလောက် အခြေအနေမှာ ရှိနေပါတယ်။ ဝယ်တယ်ဆိုတာကလည်း ပစ္စည်းကြီးကြီးမားမားတွေကို ဝယ်တာမျိုး။ များသောအားဖြင့်တော့ အီလက်ထရွန်းနစ် ပစ္စည်းတွေပါ။

'ကောင်းတာပေါ့'

'မီခါဂျီ စာစီစရာရှိရင် ပြောနော်'

သီချင်းစာသားအချို့ကို စာစီခိုင်းရရင် ကောင်းမယ်လို့ ကျွန်မ စဉ်းစားနေတုန်းမှာ သူက ဆက်ပြောတယ်။

'မီခါဂျီ လိပ်စာကတ်အသစ်လုပ်ဖို့ လိုတယ် မဟုတ်လား'

'ယူအိချီ ပြောတာကို တို့ နားမလည်ဘူး'

'ဒီလောက်ကြီးတဲ့ မြို့ကြီးမှာ လိပ်စာမရှိ၊ ဖုန်းနံပါတ် မရှိဘဲနဲ့ ဆက်နေဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ဟုတ်တယ် မဟုတ်လား'

'ဒါပေမဲ့ တို့က ထပ်ပြီး ပြောင်းရွှေ့ရဦးမှာဆိုတော့ အခုလုပ်ထားလည်း နောက်ကျရင် အသစ်ထပ်လုပ်ရမှာနဲ့ မထူးဘူးလေ။ အလကား အလုပ်ပိုတာပဲ ရှိမှာပေါ့'

'အပိုတွေ ပြောမနေနဲ့ဗျာ' လို့ သူက အော်ပါတယ်။ အဲဒီနောက် သူ့ရဲ့လေသံကို လျှော့လိုက်ပြီး 'လုပ်မှာသာ လုပ်လိုက်စမ်းပါဗျာ' လို့ ပြောတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတားရိုး ပြောခဲ့တဲ့ စကားတွေက ကျွန်မရဲ့စိတ်ထဲမှာ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေတုန်းပါပဲ။ 'တို့ ဒီမှာနေတဲ့ကိစ္စက နည်းနည်းပုံစံမကျဘူးလို့ ယူအီချီ မထင်ဘူးလား။ ယူအီချီအတွက် တကယ်ပဲ ဘာပြဿနာမှ မရှိဘူးလား' လို့ ကျွန်မ သူ့ကို မေးလိုက်တယ်။

'ဘာတွေ ပြောနေတာလဲ။ ကျွန်တော် နားမလည်ဘူး' လို့ သူက ပြန်ပြောတယ်။ သူ့ရဲ့မျက်နှာပေးကလည်း သူ ဘာမှ မသိရပါလားဆိုတဲ့ အူကြောင်ကြောင် မျက်နှာပေးမျိုး။ သူသာ ကျွန်မရဲ့ရည်းစား ဆိုရင်တော့ ပါးတစ်ချက်လောက် ရိုက်လိုက်မိမှာ သေချာတယ်။ သူ့အပေါ်ကို လတ်တလောမှာ မှီခိုနေရတယ် ဆိုပေမဲ့ ကျွန်မ သူ့ကို မုန်းချင်သလိုလို ဖြစ်လာတယ်။ သူ ဘာကြောင့် အဲသလောက်တောင် တုံးရတာလဲ။

နေရာသစ်တစ်ခုမှာ ကျွန်မ ပြောင်းရွှေ့နေထိုင်လျက် ရှိပါသည်။ ထို့ကြောင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါရန် ...

မီခါဂျီဆာကူရာအီ

ဖုန်း ... ... ... ... ...

... ... တိုက်ခန်း၊ အမှတ် (၁၀၀၂)

... ... ... ရပ်ကွက်၊ ... ... ၃-၂၁-၁

တိုကျို။

အခု အပေါ်မှာ ပြထားတဲ့ နမူနာပုံစံကို ယူအီချီက ကျွန်မကို ပေးပါတယ်။ ပြီးတော့ အားလုံး သေချာသွားတဲ့အခါ လိပ်စာကတ်တွေကို မိတ္တူစက်နဲ့ ကူးပြီး ထုတ်ပါတယ်။ (မိတ္တူစက်လည်း သူတို့မှာ ရှိလိမ့်မယ် ဆိုတာကို ကျွန်မ ကြိုပြီး သိခဲ့ဖို့ကောင်းတယ်) သူ မိတ္တူကူးနေတဲ့ အချိန်မှာ ကျွန်မက လိပ်စာကတ် လှမ်းပို့ရမယ့် လူတွေရဲ့ လိပ်စာတွေကို စာအိတ်ပေါ်မှာ ကျွန်မက ရေးနေလိုက်တယ်။ ယူအီချီက တောက်လျှောက် ကူညီတယ်။ ကြည့်ရတာ ဒီည သူ့မှာ အချိန်ပိုနေပုံ ရပါတယ်။ 'အားလပ်ပြီး နေရတာကို သူ လုံးဝမကြိုက်ဘူး' ဆိုတဲ့အချက်ကိုလည်း ကျွန်မ သတိထားမိလိုက်တယ်။

စားရေးဘောလ်ပင်တွေရဲ့ တစ်ဂျစ်ဂျစ် မြည်သံဟာ ညနေအချိန်ရဲ့ တိုးလျှိုးပေါက် ငြိမ်သက်မှုအတွင်း စတင် ရှာကျလာတဲ့မိုးသံနဲ့အတူ ရောနှောသွားပါတော့တယ်။



mgyoe.com

mgyoe.com SAMPLE BOOK

နွေးထွေးတဲ့ လေဟာ ဝေါခနဲ တိုက်ချလာတယ်။ နွေဦးမုန်တိုင်း တစ်ခုပါ။ လေသာဆောင် ပြတင်းပေါက်အပြင်ဘက်က ညရှုခင်းကို တောင် လှုပ်ခါသွားစေခဲ့တယ်။ လွမ်းမောမှုကို တိတ်တိတ်ကလေး ခံစား ရင်း သူငယ်ချင်းတွေရဲ့ နာမည်တွေကို ကျွန်မ ဆက်ပြီး ရေးချလိုက် တယ်။ ဆိုတားရိုးကို မတော်တဆ ကျော်သွားမိတယ်။ လေက ပြင်းထန် လှပါတယ်။ သစ်ပင်တွေနဲ့ တယ်လီဖုန်းကြိုးတွေ ယိမ်းခါနေတဲ့ အသံကို တောင် ကျွန်မ ကြားရတယ်။ ခေါက်စားပွဲကလေးပေါ်မှာ ကျွန်မရဲ့ တံတောင်ဆစ်ကို တင်ပြီး မျက်လုံးကို မှိတ်ထားလိုက်တယ်။ ကျွန်မရဲ့ အတွေးတွေဟာ အခုအချိန်ဆို တိတ်ဆိတ်နေလောက်ပြီဖြစ်တဲ့ လမ်း ပေါ်က ဆိုင်ခန်းတွဲတွေဆီ ညင်ညင်သာသာ ရွေ့လျားသွားတယ်။ ဒီ ခေါက်စားပွဲလေးက ဒီတိုက်ခန်းထဲမှာ ဘာလို့ ရှိနေတာတုံး။ ဒါကို ကျွန်မ မသိနိုင်ပါဘူး။ 'စိတ်ကူးတစ်ခု ရပြီဆိုရင် ချက်ချင်း အကောင် အထည် ဖော်လိုက်ရမှ' ဆိုတဲ့ အိရိကို ဝယ်ခဲ့တာပဲ ဖြစ်ရမယ်။

'အိပ်ပျော်မသွားနဲ့ဦး' လို့ ယူအိချိက ပြောတယ်။

'မအိပ်ပါဘူး။ ဒါ လုပ်ရတာကို တို့ ပျော်ပါတယ်'

'ဟုတ်တယ်၊ ကျွန်တော်ကောပဲ။ အိမ်ပြောင်းရတာ၊ ခရီးသွားရင်း နဲ့ ပို့စကတ်လှမ်းပို့ရတာ ... အဲဒါတွေကို လုပ်ရတာ သိပ်ကြိုက်တာပဲ'

'ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီလိပ်စာကတ်တွေက လူပြောစရာ ဖြစ် မှာနော်။ ကျောင်းစားသောက်ဆိုင်မှာ ပါးရိုက်တာ ခံခဲ့ရပြီးပြီ မဟုတ် လား'

သူ ပြောချင်ပုံမရတဲ့ အကြောင်းအရာကို ကျွန်မ ထပ်ပြီး တွန်းပို့ ကြည့်လိုက်တယ်။

'ဘာလဲ ... အဲဒီကိစ္စကို ဒီနေ့ကြားခဲ့တာလား' လို့ ပြောပြီး သူက ခါးခါးသီးသီး ပြုံးနေတယ်။ သူ့ရဲ့ပြုံးနေကျ အပြုံးနဲ့ လုံးဝ ကွာခြားတာ မို့ ကျွန်မ အံ့အားသင့်ခဲ့ရပါတယ်။

'ဒီကိစ္စကို တို့ ပွင့်ပွင့်လင်းလင်း ပြောကြရင် ပိုမကောင်းဘူးလား။ ယူအိချိအနေနဲ့ တို့အတွက် အများကြီး လုပ်ပေးခဲ့ပြီးပြီပဲ'

'လုပ်မနေစမ်းပါနဲ့။ ဘာလဲ၊ ကျွန်တော်တို့ အခု ပို့စကတ်ဂိမ်း ကစားနေတယ်လို့ ထင်နေလို့လား' လို့ သူက ပြောတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဘာပို့စကတ်ဂိမ်းလဲ' လို့ ကျွန်မ ဇဝေဇဝါနဲ့ ပြန်မေးလိုက်တယ်။

'မသိဘူးလေ...'

ကျွန်မတို့ နှစ်ယောက်စလုံး ရယ်လိုက်ကြပါတယ်။ အဲဒီနောက်တော့ ကျွန်မတို့ရဲ့ စကားဝိုင်းဟာ ကျွန်မ တည်ထားတဲ့ လမ်းကြောင်းကနေ ချော်တောင်ငေါ့သွားပါတော့တယ်။ တကယ်ဆို ကျွန်မက ခပ်နွေးနွေးခပ်လေးလေးသမားပါ။ ဒါပေမဲ့ သူ အတင်းဟန်ဆောင် ဖုံးကွယ်နေတယ်ဆိုတာကို ကျွန်မလိုလူတောင် ရိပ်စားနားလည်နိုင်ပါတယ်။ သူ့ရဲ့မျက်လုံးတွေကို သေသေချာချာ စိုက်ကြည့်လိုက်တာနဲ့ ကျွန်မ သဘောပေါက်သွားပါတယ်။ တကယ်တော့ သူက အရမ်းကို၊ အရမ်းကို ကြေကွဲ ဝမ်းနည်းနေတာပါ။

ဆိုတားရိုးက ပြောသွားသေးတယ်။ ယူအိချိနဲ့ သူ့ကောင်မလေးတို့ တွဲနေတာ တစ်နှစ်လောက်ရှိပြီ ဆိုပေမဲ့ ယူအိချိဟာ ကောင်မလေးအတွက် အင်မတန် နားလည်ရခက်တဲ့ အနေအထားမှာ ရှိနေတုန်းပဲတဲ့။ ဒီလို အနေအထားကြောင့် ကောင်မလေး အရမ်းကို ဒေါသဖြစ်ရသတဲ့။ ယူအိချိဟာ ဖောင်တိန်တစ်ချောင်းကို ဂရုစိုက်သလောက်တောင် မိန်းကလေး တစ်ယောက်ကို ဂရုစိုက်နိုင်စွမ်း မရှိဘူးလို့ ကောင်မလေးက ပြောသွားသတဲ့လေ။

ယူအိချိနဲ့ ချစ်ကြိုက်နေတာ မဟုတ်တော့ ကျွန်မအနေနဲ့ကတော့ သူ့ကို နားလည်ပေးလို့ ရတယ်။ ဖောင်တိန်တစ်ချောင်းရဲ့ အရေးပါမှုနဲ့ တန်ဖိုးဟာ ယူအိချိအတွက် တစ်မျိုးဖြစ်ပြီး ကောင်မလေးအတွက်တော့ နောက်တစ်မျိုး ဖြစ်တယ်။ ဒီကမ္ဘာကြီးမှာ သူတို့ရဲ့ ဖောင်တိန်တွေကို အသက်နဲ့အမျှ ချစ်ကြတဲ့သူတွေလည်း ရှိရင်ရှိမှာပဲ။ အဲသလို တကယ်ရှိတယ်ဆိုရင်တော့ တော်တော်ကို ဝမ်းနည်းစရာကောင်းမှာပါ။ ယူအိချိကို ချစ်ကြိုက်နေတာ မဟုတ်ဘူးဆိုရင် သူ့ကို နားလည်ဖို့ ဖြစ်နိုင်ပါတယ်လေ။

'အဲဒီကိစ္စအတွက် ကျွန်တော် ဘာမှ မတတ်နိုင်ဘူး။ ကျွန်တော့်မှာ အပြစ်လည်း မရှိဘူး' လို့ ယူအိချိက ခေါင်းမမော့ဘဲ ပြောလိုက်ပါတယ်။ ကြည့်ရတာ ကျွန်မ အသံတိတ်နေတာက သူ့ကို ကသိကအောက်ဖြစ်စေပုံရတယ်။



mgyoe.com

mgyoe.com SAMPLE BOOK
'အခုလို ပြောပြတာ ကျေးဇူးပဲ' လို့ ကျွန်မ ပြန်ပြောလိုက်တယ်။ တကယ်တော့ ကျွန်မဟာ သူ့အကြောင်းကို တွေးနေခဲ့မိတာပါ။

'ရပါတယ်ဗျာ' လို့ သူက ပြောပြီး ရယ်နေလေရဲ့။ သူ စိတ်ကြည်နူးသွားအောင် လုပ်လိုက်နိုင်တယ်လို့ ကျွန်မ ထင်မိတယ်။ ကျွန်မတို့ တစ်နေရာတည်း၊ တိုက်ခန်းတစ်ခုတည်းမှာ နီးနီးကပ်ကပ် နေထိုင်ခဲ့တာ တစ်လကြာခဲ့ပြီ ဆိုပေမဲ့ သူ့စိတ်ကို ကြည်နူးအောင် လုပ်နိုင်တာ ဒါ ပထမဆုံး အကြိမ်ပါပဲ။ နောက်ဆုံးမှာ သူ့ကို ကျွန်မ ချစ်ရင်တောင် ချစ်သွားနိုင်ပါတယ်။ အရင်တုန်းကတော့ တစ်ယောက်ယောက်ကို ချစ်မိပြီဆိုရင် ခံစားမှုကို မျိုသိပ်ပြီး ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ဖြေရှင်းခဲ့တာ များပါတယ်။ ဒါပေမဲ့ ယူအီချီနဲ့ဆိုရင်တော့ တစ်မျိုးတစ်ဖုံ ကွဲပြားခြားနားပါလိမ့်မယ်။ ကျွန်မတို့နှစ်ယောက် အခုလို စကားပြောဖြစ်ကြတာ ကောင်းတယ်။ တိမ်ထူထပ်တဲ့ ကောင်းကင်မည်းမည်းထဲမှာ ကြယ်တွေကို ဖျတ်ခနဲ မြင်လိုက်ရသလိုမျိုး ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ဒီလို ဆွေးနွေး ပြောဆိုကြရာကနေ ချစ်တဲ့ဆီကို ရောက်သွားနိုင်ပါတယ်။

ဒါပေမဲ့ နေဖို့ နောက်တစ်နေရာကို ရှာရမယ်လို့ လိပ်စာတွေကို ချရေးနေရင်းနဲ့ ကျွန်မ တွေးနေမိပါတယ်။ ယူအီချီနဲ့ သူ့ကောင်မလေးတို့ရဲ့ ပြဿနာဟာ ကျွန်မ ဒီမှာနေလို့ ပေါ်ပေါက်လာရတယ် ဆိုတာက လည်း အထင်အရှား မဟုတ်လား။ တစ်ယောက်တည်း ပြန်နေဖို့အတွက် ကျွန်မ အသင့်ဖြစ်ပြီလား ဆိုတာကိုတော့ လောလောဆယ်မှာ မတွေးရဲသေးပါဘူး။ ဒါပေမဲ့ အခြားတစ်နေရာကို မကြာခင်မှာ ပြောင်းကို ပြောင်းရမယ်လို့ ကျွန်မကိုယ်ကျွန်မ သတိပေးလိုက်ပါတယ်။ အဲသလို ကျွန်မ တွေးမိတာနဲ့ အခုလောလောဆယ်မှာ လိပ်စာကတ်အသစ် လုပ်နေတဲ့ ကိစ္စတို့ဟာ ရှေ့နောက် မညီညွတ်လှပါဘူး။

ကျွန်မ ဒီကနေ ပြောင်းကို ပြောင်းရမယ်။

အဲဒီအချိန်မှာပဲ တံခါးချက်က ကျွီခနဲမြည်သွားပြီး အီရီကို ဝင်လာပါတယ်။ လက်ထဲမှာလည်း စက္ကူထုပ်ကြီးတစ်ခုကို ကိုင်ထားတယ်။ ကျွန်မ သူ့ကို အံ့အားတသင့် ကြည့်နေမိတယ်။

'ဘာဖြစ်လို့လဲ။ ကလပ်မှာ ဘာတွေဖြစ်နေလို့လဲ' လို့ ယူအီချီက



mgyoe.com

mgyoe.com SAMPLE BOOK
အီရိကိုကို လှည့်ကြည့်ရင်း မေးလိုက်တယ်။

'ဘာမှမဖြစ်ပါဘူး။ ဒါလေး ထားပြီးတာနဲ့ သွားမှာ။ အမေ ဘာဝယ်လာသလဲ သိလား။ သစ်သီးဖျော်စက်။ အခု ဒါလေး လာပို့တာ။ စိတ်ကြိုက်သာ သုံးကြနော်'

အီရိကိုက ပြုံးပျော်စွာနဲ့ စက္ကူအိတ်ထဲကနေ စက္ကူဘူးတစ်ခုကို ထုတ်လိုက်တယ်။ ဒီသားအမိကတော့ လက်လန်ပါတယ်လို့ ကျွန်မ တွေးမိလိုက်တယ်။

'ကျွန်တော့်ကို ဖုန်းဆက်လိုက်ရင် ဆိုင်ကို ကျွန်တော် လာယူလို့ ရတာပေါ့' လို့ ယူအီချိက ချည်ထားတဲ့ ကြိုးတွေကို ကတ်ကြေးနဲ့ ဖြတ်ရင်း ပြောတယ်။

'အို ... ဘာမှ အပန်းမကြီးပါဘူးကွယ်။ လေးတာမှ မဟုတ်တာ'

ဖြစ်စဉ်ကို အတိုချုံးပြီး ပြောရရင်တော့ စက္ကူဘူးပွင့်သွားပြီး သူ့အထဲကနေ အပျံစား သစ်သီးဖျော်စက်တစ်ခု ထွက်လာပါတော့တယ်။ ဘယ်လို သစ်သီးဖျော်ရည်မျိုးကိုမဆို ဖျော်ပေးနိုင်စွမ်းရှိပုံရတဲ့ စက်ပါပဲ။

'လတ်လတ်ဆတ်ဆတ် ဖျော်ထားတဲ့ သစ်သီးဖျော်ရည်ကို သောက်ရင် အသားလှတယ်လို့ တို့ ကြားဖူးတယ်' လို့ အီရိကိုက ကြည်ကြည်နူးနူးနဲ့ ပြောတယ်။

'အမေ့ရဲ့ အသက်အရွယ်နဲ့ဆိုရင် နည်းနည်းလေးများ နောက်ကျမနေဘူးလား' လို့ ယူအီချိက သူ့အမေကို ခနဲ့တယ်။ သူ့မျက်လုံးတွေကတော့ အသုံးပြုနည်း လမ်းညွှန်စာအုပ်ပေါ်မှာ သဲကြီးမဲကြီး။

သူတို့သားအမိ စကားပြောနေပုံက တကယ့်ကို စိတ်အေးလက်အေးနဲ့ ဘာကိုမှ သိပ်ဂရုမစိုက်လှတဲ့ပုံ။ ကျွန်မရဲ့ခေါင်းကို ချာချာလည်စေပါတယ်။ Bewitched ရုပ်ရှင်ကားကို ကြည့်နေရသလိုပဲ။ လုံးဝ ပုံမှန်မဟုတ်တဲ့ အနေအထားမှာ သူတို့က ပုံမှန်ပဲ၊ ခပ်ပျော်ပျော်ပဲ။

'အိုး ... မီခါဂျီအတွက် လိပ်စာကတ်အသစ်တွေ လုပ်နေကြတာလား။ ကောင်းတယ်ဟေ့။ တို့မှာလည်း မီခါဂျီအတွက် အိမ်တက်လက်ဆောင် တစ်ခုရှိတယ်' လို့ အီရိကိုက အားရဝမ်းသာနဲ့ ပြောတယ်။

သူ့ဆီကနေ နောက်ထပ် အထုပ်တစ်ခု ထပ်ထွက်လာတယ်။

စက္ကူနဲ့ အကြိမ်ကြိမ်ပတ်ပြီး ထုပ်ထားတဲ့ အထုပ်ကလေးပါ။ အဲဒီ


mgyoe.com

mgyoe.com SAMPLE BOOK

အထုပ်ကို ကျွန်မ ဖြေလိုက်တဲ့အခါမှာတော့ ငှက်ပျောသီးပုံလေးတွေ ပါတဲ့ ဖန်ခွက်လှလှလေးတစ်လုံး ထွက်လာပါတယ်။

'သစ်သီးဖျော်ရည်တွေ အများကြီး သောက်ရမယ်နော်' လို့ အီရီကို က ပြောတယ်။

'ကျွန်တော်တို့ ငှက်ပျောသီးဖျော်ရည် သောက်သင့်တယ်' လို့ ယူအီချီကိုက ခပ်တည်တည်နဲ့ ဆရာဝင်လုပ်တယ်။

ကျွန်မ မျက်ရည်တွေ ဝဲလာတယ်။

'အိုး ... ကျွန်မ သိပ်ပျော်တာပဲ' လို့ အော်လိုက်မိတယ်။

နောက်တစ်နေရာကို ပြောင်းတဲ့အခါ ဒီဖန်ခွက်ကလေးကို ကျွန်မ ယူသွားမယ်။ ဒါပေမဲ့ အဲသလို ပြောင်းသွားပြီးတဲ့နောက်မှာလည်း ကျွန်မ ဒီကို ပြန်လာပြီး အီရီကို သောက်ဖို့အတွက် ဆန်ပြုတ် ပြုတ်ပေးမယ်လို့ ကျွန်မရဲ့စိတ်ထဲမှာ ပြောလိုက်မိပါတယ်။ တကယ့်ကို ထူးခြားလေးနက်တဲ့ ဖန်ခွက်ကလေးပါ။

နောက်တစ်နေ့မှာတော့ ကျွန်မ အရင်နေခဲ့တဲ့ အခန်းကို သန့်ရှင်းရေး သွားလုပ်ပေးလိုက်တယ်။ လုံးဝကို ပြောင်စင်နေအောင် ရှင်းပေးလိုက်နိုင်ပါတယ်။ လုပ်ပြီးကိုင်ပြီးတဲ့အခါမှာတော့ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ တစ်စက်ကလေးမှကို မလှုပ်ချင်တော့ဘူး။ ကြည်လင်တောက်ပတဲ့ နေ့လယ်ခင်း ဖြစ်ပါတယ်။ လေတိုက်ခြင်းလည်း မရှိ၊ တိမ်လည်း ကင်းစင်။ နွေးထွေးတဲ့ ရွှေရောင်အလင်းတန်းဟာ 'အိမ်' လို့ တစ်ချိန်က ကျွန်မ သတ်မှတ်ခဲ့တဲ့ အခန်းလွတ်တွေထဲကို ဝင်ရောက် နေရာယူလိုက်ကြတယ်။

အချိန်အများကြီး ယူပြီးမှ အခန်းပြောင်းဖြစ်ခဲ့တဲ့အပေါ် တောင်းပန်စကား ဆိုဖို့အတွက် အိမ်ရှင်ဆီကို ကျွန်မ သွားလိုက်တယ်။

ကျွန်မ ငယ်စဉ်ကတည်းက လုပ်လေ့လုပ်ထ ရှိခဲ့တဲ့အတိုင်း သူ့ရဲ့ ရုံးခန်းထဲမှာ လက်ဖက်ရည်သောက်ရင်း စကားဖောင်ဖွဲ့မိကြပါတယ်။ သူလည်း အသက် တော်တော်ကြီးလာပြီပဲဆိုပြီး ကျွန်မ တွေးမိလိုက်တယ်။ ကျွန်မဟာ ဘွားဘွား မဆုံးခင်က ဒီကိုလာတဲ့အခါ ထိုင်လေ့ရှိတဲ့ ခုံပေါ်မှာပဲ ထိုင်ဖြစ်လိုက်ပါတယ်။ ဘွားဘွားလိုပဲ အိမ်ရှင်နဲ့အတူ လက်ဖက်ရည်ကလေး သောက်၊ ရာသီဥတုအကြောင်း ပြော။ ရပ်ကွက်ရဲ့အခြေအနေကို ဆွေးနွေးပေါ့လေ။ ထူးဆန်းသလိုရှိပြီး အူကြောင်ကြောင်လည်း



mgyoe.com

နိုင်ပါတယ်။ တစ်ခုခုတော့ မှားနေပြီ။

တွန်းလှန်ခုခံလို့ မရတဲ့ အရှေ့တစ်ခုက အတိတ်ကို ကျွန်မရဲ့ နောက်မှာ ချန်ထားရစ်ခဲ့ပြီ။ ဝေခွဲမရမှုထဲမှာ ကျွန်မဟာ တွန့်ဆုတ်နေမိပါတယ်။ ကျွန်မ တတ်နိုင်သလောက်တော့ အရာရာကို အင်အားချည့်နဲ့စွာ တုံ့ပြန်ခြင်းပါပဲ။ အရှေ့ကို ဖန်တီးသူက ကျွန်မ မဟုတ်ပါဘူး။ ကျွန်မအတွက်တော့ အရာရာဟာ ဝေဒနာသာ ဖြစ်ခဲ့တယ်။ ခုနေအခါမှာ ဟာလာဟင်းလင်းဖြစ်နေတဲ့ အဲဒီတိုက်ခန်းထဲက အလင်းဟာ မဝေးလှတဲ့ အတိတ်မှာတုန်းကတော့ ဘွားဘွားရဲ့ ဘဝ၊ ပြီးတော့ ကျွန်မဘဝရဲ့ အနံ့အသက်တွေကို စုပ်ယူ သယ်ဆောင်ထားခဲ့တာ ဖြစ်တယ်။

မီးဖိုချောင် ပြတင်းပေါက်၊ သူငယ်ချင်းတွေရဲ့ ပြုံးရယ်နေတဲ့ မျက်နှာတွေ၊ တက္ကသိုလ်ဝန်းကျင်ရဲ့ လတ်ဆတ်စိမ်းလန်းတဲ့ နောက်ခံနဲ့ ဆိုတားရိုးရဲ့ ဘေးတိုက်ပုံရိပ်၊ ညဘက် အိမ်ပြန်နောက်ကျမှာမို့ အိမ်ကို ဖုန်းခေါ်တဲ့အခါ အမြဲတမ်း ကြားရလေ့ရှိတဲ့ ဘွားဘွားရဲ့အသံ၊ ချမ်းအေးတဲ့ မနက်ခင်းတွေနဲ့ နွေးထွေးတဲ့ ကျွန်မရဲ့အိပ်ရာ၊ တိုက်ခန်း အဝင်လမ်းဆီက ဘွားဘွားရဲ့ ခြေညှပ်ဖိနပ်သံတရှပ်ရှပ်၊ လိုက်ကာတွေရဲ့ အရောင်တွေ ... တာတာမိဖျာ ... နံရံပေါ်က နာရီ။

အဲဒါတွေအားလုံးဟာ အဲဒီတိုက်ခန်းထဲမှာ မရှိကြတော့ပါဘူး။

တိုက်ခန်းကနေ ကျွန်မ ပြန်ထွက်လာတော့ ညနေစောင်းနေပါပြီ။ ဖျော့တော့တော့ ဆည်းဆာဟာ ဆင်းသက် ရောက်ရှိလာပါပြီ။ လေက တသုန်သုန် တိုက်လာတာကြောင့် အရေပြားတွေ အေးလာပါတယ်။ ဘတ်စ်ကားအလာကို ကျွန်မ ရပ်စောင့်လိုက်တယ်။ ကျွန်မ ဝတ်ထားတဲ့ ကုတ်အင်္ကျီရဲ့ အောက်နားတ်ခမ်းသားတွေဟာ လေတဝှီးဝှီးထဲမှာ တဖျပ်ဖျပ် လွင့်နေတယ်။

မျက်နှာချင်းဆိုင်မှာရှိတဲ့ တိုက်မြင့်မြင့်ကြီးပေါ်က ပြတင်းပေါက်တွေကို ကျွန်မ ကြည့်မိပါတယ်။ လှပတဲ့ အပြာရောင်အလင်းဟာ အဲဒီ ပြတင်းပေါက်တွေဆီက ထွက်ပေါ်နေတယ်။ ပြတင်းပေါက်တွေရဲ့ နောက်မှာ လူတွေ လှုပ်ရှားနေတယ်။ ဓာတ်လှေကားကလည်း အပေါ်အောက် စုန်ချည်ဆန်ချည်။ တိတ်ဆိတ်စွာ အရောင်တောက်ပနေတဲ့ အဲဒီ ဓာတ်လှေကားဟာ တစ်ဝက်တစ်ပျက် အမှောင်ထုထဲကို အရည်ပျော်ပြီး စီးဝင်

mgyoe.com SAMPLE BOOK

နေသလို ရှိပါတယ်။

နောက်ဆုံး သယ်လာတဲ့ ပစ္စည်းတချို့ကို ကျွန်မရဲ့လက်နှစ်ဖက် စလုံးနဲ့ ကိုင်ထားတယ်။ နေရာနှစ်ခုကြားမှာ ဗျာများစရာ မလိုတော့ ဘူးလို့ ကျွန်မ တွေးလိုက်မိတယ်ဆိုရင်ပဲ ကျွန်မရဲ့ ခန္ဓာကိုယ်က တုန်ယင် လာပြီး မျက်ရည်တွေ ဝဲတက်လာပါတယ်။

လမ်းထောင့်ချိုးကနေ ဘတ်စ်ကား ထွက်လာတယ်။ ဘတ်စ်ကား ဟာ လေထဲမှာ မျောပါလာပြီး မှတ်တိုင်ကိုရောက်တော့ တုန့်ခနဲ ရပ် သွားတယ်လို့ ကျွန်မရဲ့စိတ်မှာ ထင်နေမိတယ်။ လူတွေက တန်းစီပြီး တစ်ယောက်ချင်း တက်ကြပါတယ်။ ခရီးသည် အပြည့်အသိပ်ပါပဲ။ လက်တွေ အများကြီး စုပြုံနေတဲ့ လက်ကိုင်ကြိုးကို ကျွန်မလည်း မီ သလောက် ဆွဲပြီး ရပ်လိုက်ပါတယ်။ အဲဒီနောက် အဝေးက အဆောက် အဦတွေရဲ့ အလွန်မှာ မှောင်မည်းနေတဲ့ ကောင်းကင်ကြီး ကွယ်ပျောက် သွားတာကို စောင့်ကြည့်နေမိတယ်။

ဘတ်စ်ကား ထွက်တော့ ကျွန်မရဲ့ မျက်လုံးတွေက ကောင်းကင်ကို ဖြတ်ပြီး ညင်ညင်သာသာ ရွေ့နေတဲ့ ထွန်းသစ်စ လမင်းဆီကို ရောက်သွား တယ်။

မှတ်တိုင်တစ်ခု ရောက်တဲ့အခါတိုင်း ဘတ်စ်ကားက တုန့်နှေး တုန့်နှေးနဲ့ ရပ်ပါတယ်။ အဲသလို ရပ်တိုင်းလည်း ကျွန်မရဲ့ ခန္ဓာကိုယ်က ယိုင်ယိုင်သွားတာမို့ ကျွန်မ စိတ်တိုလာတယ်။ အဲသလို စိတ်တိုလာတာ ကို ကြည့်ခြင်းအားဖြင့် ကျွန်မ တော်တော်ပင်ပန်းနေပြီ ဆိုတာကို သိနိုင် ပါတယ်။ အကြိမ်ကြိမ် ရပ်တော့ အကြိမ်ကြိမ် ယိုင်၊ အကြိမ်ကြိမ် ဒေါသ ထွက်ပေါ့လေ။ ဟိုးအဝေးက ကောင်းကင်မှာ တအိအိ လွင့်မျောနေတဲ့ လေသဘော်ာတစ်စင်းကို ကျွန်မ လိုက်ကြည့်မိပါတယ်။ အဲဒီ လေသဘော်ာ ဟာ လေရဲ့အားကိုယူပြီး ဖြည်းဖြည်းချင်း ရွေ့နေလေရဲ့။

အဲဒါကို မမှိတ်မသုန် စိုက်ကြည့်ရင်းက ကျွန်မ ပျော်လာတယ်။ လေသဘော်ာဟာ ခပ်မှိန်မှိန် ခပ်ဖျော့ဖျော့ လရောင်ခြည်တန်းတစ်ခုလို ကောင်းကင်ကို ဖြတ်ပြီး သွားနေတာ။ သူ့ရဲ့ မီးရောင်အစက်အပျောက် ကလေးတွေကလည်း မှိတ်တုတ် မှိတ်တုတ်။

ကျွန်မရဲ့ ရှေ့မှာထိုင်နေတဲ့ အဘွားကြီးတစ်ယောက်က သူ့ဘေးက



mgyoe.com

mgyoe.com
ကောင်မလေးကို အသံတိုးတိုးကလေးနဲ့ ပြောလိုက်တယ်။ 'ငါ့မြေး ယူကီ၊ ဟိုမှာ ကြည့်စမ်း။ လေသဘော်ကြီးတစ်စင်းကို တွေ့လား။ ကြည့်ပါဦး။ လှလိုက်တာနော်'

ကလေးမလေးရဲ့ မျက်နှာက သုန်သုန်မှုန်မှုန် ဖြစ်နေပါတယ်။ ကားပေါ်မှာ လူကျပ်လို့ရယ်၊ ပြီးတော့ လမ်းပေါ်မှာလည်း ကားတွေ ပိတ်နေတာကြောင့်ရယ် ဖြစ်နိုင်ပါတယ်။ သူ့ရဲ့မျက်နှာဟာ အရမ်းကို 'မြေး' ပီသလှတယ်။ 'သူ့ဘာသာသူ ဘာပဲဖြစ်ဖြစ် သမီး ဂရုမစိုက်ဘူး။ ပြီးတော့ အဲဒါကြီးက လေသဘော်အစစ်လည်း မဟုတ်ပါဘူး' လို့ ဒေါနဲ့ မာန်နဲ့ ပြန်အော်ပါတယ်။

'ငါ့မြေး ပြောသလို ဟုတ်ချင်လည်း ဟုတ်မှာပေါ့' လို့ အဘွား လုပ်သူက ပြုံးပြီး ပြန်ပြောတယ်။ သူဟာ စိတ်ကသိကအောက် ဖြစ်တဲ့ပုံ လုံးလုံး မပေါ်ပါဘူး။

ယူကီက နှုတ်ခမ်းစူပြီး ဂဂျီဂျောင် ထပ်ကျတယ်။

'အိမ်ကို အခုထိ မရောက်နိုင်သေးဘူးလား။ သမီးအိပ်ချင်လှပြီ'

တကယ့် ကလေးဆိုးလေးပဲ။ ကျွန်မ ငယ်ငယ်ကလည်း ပင်ပန်းတဲ့ အခါ အဲသလိုပဲ ဂျီကျခဲ့ဖူးပါတယ်။ အဘွားလုပ်သူကို မချေမငံ ပြန်ပြော နေတာ။ တစ်ချိန်ကျရင် ညည်းကလေး နောင်တရလိမ့်မယ်လို့ ကျွန်မရဲ့ စိတ်ထဲမှာ ပြောမိတယ်။

'ခဏနေရင် ရောက်တော့မှာပါကွယ်။ နောက်ကို လှမ်းကြည့် လိုက်စမ်း။ မြေးရဲ့မေမေ အိပ်ပျော်နေတယ် တွေ့လား။ ငါ့မြေး အဲသလို လုပ်နေရင် မေမေ နိုးသွားလိမ့်မယ်။ မေမေ နိုးသွားမှာကို မစိုးရိမ်ဘူးလား'

'အို ... မေမေက အိပ်ပျော်နေတာလား' လို့ ကောင်မလေးက နောက်ဘက်ကို လှမ်းကြည့်လိုက်ရင်း ပြောတယ်။ အဲဒီနောက်တော့ သူ့မျက်နှာလေးက ပြုံးလာတယ်။

ကြည်နူးစရာကောင်းလိုက်တာလို့ ကျွန်မ တွေးမိတယ်။ အဘွား လုပ်သူရဲ့ ကြင်ကြင်နာနာ စကားလုံးတွေနဲ့ မြေးလုပ်သူရဲ့ ချစ်စရာကောင်း တဲ့ မျက်နှာတို့က ကျွန်မရဲ့ရင်ထဲမှာ မနာလိုစိတ်ကို ဖြစ်ပေါ်စေပါတယ်။ ကျွန်မရဲ့ ဘွားဘွားကို နောင် ဘယ်တော့မှ မြင်ခွင့်ရတော့မှာ မဟုတ်ဘူး လေ။


mgyoe.com

mgyoe.com SAMPLE BOOK

နောင် ဘယ်တော့မှ မြင်ရမှာ မဟုတ်တော့ပါဘူး။ များသောအား ဖြင့်တော့ ကျွန်မဟာ စိတ်ခံစားမှု အပြည့်အသိပ် ထည့်ထားတဲ့ စကားလုံး တွေနဲ့ အဲဒီစကားလုံးတွေကြောင့် အားငယ်စိတ် ဖြစ်ရတာကို သိပ် သဘောကျလှတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမြေအဘွား နှစ်ယောက် ကတော့ ကျွန်မကို ပြင်းပြင်းထန်ထန် နင့်နင့်နဲနဲ ခံစားရအောင် လုပ်နိုင် ခဲ့တယ်။ မေ့ပျောက်နိုင်ဖို့ ခက်ခဲတဲ့ အတွေ့အကြုံမျိုးပါပဲ။ သူတို့အကြောင်း ကို နောက်တစ်ကြိမ် စဉ်းစားမိတဲ့အခါ အရမ်းမခံစားမိစေဖို့ ကျွန်မ ကြိုး စားပါ့မယ်။ ဘတ်စ်ကားရဲ့ ရွေ့လျားမှုကြောင့် ကျွန်မရဲ့ခန္ဓာကိုယ် လှုပ် နေပေမဲ့ လေသဘော်ကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီ အချိန်မှာပဲ ကျွန်မရဲ့ မျက်လုံးတွေက မျက်ရည်တွေကို သယ်မထားနိုင် တော့တာကြောင့် မျက်ရည်စက်တွေဟာ ကျွန်မရဲ့ အင်္ကျီပေါ်ကို ကျဆင်း လာကြတယ်။

ကျွန်မ အံ့အားသင့်ရတယ်။ ငါ ရူးသွားပြီလားလို့တောင် ကျွန်မ ကိုယ်ကျွန်မ မေးတယ်။ ခန္ဓာကိုယ်ကို မသယ်နိုင်လောက်အောင် အရက် မူးနေပုံမျိုးနဲ့ တူနေပါတယ်။ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ ကျွန်မရဲ့ ထိန်းချုပ် မှုကနေ ကင်းလွတ်လို့ နေပါတယ်။ မျက်ရည်တွေက ထပ်ပြီး သွန်ကျ လာတယ်။ ရှက်စိတ်ကြောင့် ကျွန်မရဲ့မျက်နှာဟာ နီရဲနေတာပေါ့။ ကား ပေါ်ကနေ ကျွန်မ ခပ်မြန်မြန် ဆင်းလိုက်ပါတယ်။ ကားထွက်သွားတော့ ဘာကိုမှ တွေးမနေတော့ဘဲ မှောင်သဲ့သဲ့ နောက်ဖေးလမ်းကြားတစ်ခုထဲ ကို ဝင်၊ ကျွန်မရဲ့ အထုပ်အပိုးတွေကို ပစ်ချ၊ နံရံကို လက်နဲ့ထောက်ပြီး ကျွန်မ တရှုပ်ရှုပ်နဲ့ ငိုပါတော့တယ်။ ကျွန်မ တစ်သက်နဲ့တစ်ကိုယ် ဒီလို မျိုး တစ်ခါမှ မငိုခဲ့ဖူးပါဘူး။ ဘွားဘွား ကွယ်လွန်ခဲ့ပေမဲ့ အဲဒီအတွက် ကျွန်မ ကောင်းကောင်း မငိုရသေးဘူး။ ကျွန်မဟာ တစ်ခုမကတဲ့ ဝမ်းနည်း ကြေကွဲဖွယ်ရာ ကိစ္စတွေအတွက် ငိုနေတာလို့လည်း စိတ်ထဲမှာ ခံစားရ တယ်။

အပေါ်ကို မော့ကြည့်လိုက်တော့ မီးထိန်ထိန်လင်းနေတဲ့ ပြတင်း ပေါက်တစ်ခုနဲ့ အဲဒီပြတင်းပေါက်ကနေ ထွက်ပေါ်နေတဲ့ ရေနွေးငွေ့ ဖြူ ဖြူတွေကို တွေ့ရတယ်။ ကျွန်မ နားစွင့်ကြည့်တယ်။ အဲဒီပြတင်းပေါက်ရဲ့ ဟိုဘက်မှာ လူတွေ အလုပ်လုပ်နေကြတယ်။ ပျော်ပျော်မြူးမြူး စကားသံ



mgyoe.com

တွေ၊ စွပ်ပြုတ်အိုးဆီက ထွက်ပေါ်လာတဲ့ တဖွက်ဖွက် အသံတွေ၊ ဓားတွေ၊ ခက်ရင်းတွေ၊ ဒယ်အိုးတွေရဲ့ တချွင်ချွင်၊ တချွမ်ချွမ် မြည်သံတွေ ... စတဲ့ အသံတွေကို ကျွန်မ ကြားရပါတယ်။

အဲဒါ မီးဖိုချောင်တစ်ခုပါ။

စောစောက အရမ်းကို စိတ်ဆင်းရဲနေတာကနေ အခု ပျော်ရွှင်လာတဲ့ ကျွန်မရဲ့စိတ်ကိုလည်း ကျွန်မကိုယ်တိုင် နားမလည်နိုင် ဖြစ်မိတယ်။ ခါးကိုမတ်၊ တွန့်ကြေနေတဲ့ စကတ်ကို လက်နဲ့ ဆွဲဆန့်လိုက်ပြီးနောက် တာနာဘီ သားအမိရဲ့အိမ်ကို ကျွန်မ ပြန်လာခဲ့လိုက်ပါတယ်။

နတ်ဘုရားတွေကို ကျွန်မ အနူးအညွတ် တောင်းပန်လိုက်တယ်။ ကျေးဇူးပြုပြီး ကျွန်မကို အသက်ရှင် နေထိုင်ခွင့်ပေးပါ။

'တို့ အိပ်တော့မယ်' လို့ ယူအီချိကို ကျွန်မ ပြောလိုက်ပြီး တန်းတန်းမတ်မတ် အိပ်ရာဝင်လိုက်တယ်။ အရမ်းကို စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရတဲ့နေ့ပါပဲ။ ဒါပေမဲ့ စောစောက လွတ်လွတ်လပ်လပ် ငိုပစ်လိုက်လို့ ထင်တယ်။ စိတ်က ပေါ့ပါးပြီး ကလေးငယ်တစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့တယ်။

လက်ဖက်ရည်ဖျော်ဖို့အတွက် မီးဖိုချောင်ထဲကို ယူအီချီ ဝင်သွားတဲ့အသံနဲ့ 'အစောကြီးပဲ ရှိသေးတယ်။ အိပ်ချင်နေပြီလား' လို့ ပြောလိုက်တဲ့အသံကို ကျွန်မ ကြားလိုက်သလိုလို ရှိပါတယ်။

* * *

ကျွန်မ အိပ်မက် မက်တယ်။

အိပ်မက်ထဲမှာတော့ ကျွန်မဟာ ကျွန်မ အရင်နေခဲ့တဲ့ အခန်းထဲမှာ ရောက်လို့နေပြီး မီးဖိုချောင်ထဲက လက်ဆေးဇလုံကို တိုက်ချွတ် ဆေးကြောနေပါတယ်။ ရယ်စရာတော့ အကောင်းသား။ ကျွန်မကို လွမ်းရဆွေးရအောင် အလုပ်နိုင်ဆုံးအရာက မီးဖိုချောင်ကြမ်းပြင်ရဲ့ စိမ်းဖန့်ဖန့် အရောင်ပဲ။ အဲဒီအခန်းမှာ တကယ်နေခဲ့တုန်းကတော့ အဲဒီအရောင်ကို မကြိုက်ခဲ့ဘူး။ အခု အဲဒီအခန်းကနေ သွားရမယ်ဆိုတော့မှပဲ အစွဲအလမ်းကြီး စွဲလမ်းနေတော့တာ။

ပန်းကန်စင်တွေနဲ့အတူ စားသောက်စရာ တင်တဲ့ ဘီးတပ်လှည်း



mgyoe.com

ဂျာလေးတို့အပေါ်မှာ ဘာပန်းကန်၊ ဘာစားသောက်စရာမှမရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေတာကို ကျွန်မ သတိပြုမိလိုက်တယ်။ တကယ်တော့လည်း ပစ္စည်းတွေအားလုံးကို ဖယ်ရှား ထုပ်ပိုးခဲ့ပြီးပြီကိုး။ မီးဖိုချောင်ထဲမှာ ယူအီချီလည်း ရှိနေလေရဲ့။ သူက ကြမ်းပြင်ကို အဝတ်စုတ်တစ်ခုနဲ့ သုတ်နေတယ်။ ကျွန်မ ခဏနားလိုက်တယ်။

'ခဏနားပြီး လက်ဖက်ရည်သောက်ရအောင်' လို့ ကျွန်မ ဆော်ဩလိုက်တယ်။ ကျွန်မရဲ့ အသံဟာ ဗလာကျင်းနေတဲ့ တိုက်ခန်းထဲမှာ ဟိန်းထပြီး ပဲ့တင်ထပ်သွားတယ်။ အခန်းက အရမ်းကို ကြီးနေသလို ခံစားရပါတယ်။

'သောက်မယ်လေ' လို့ ယူအီချီက ကျွန်မကို မော့ကြည့်ပြီး ပြောတယ်။ အခြားတစ်ယောက်ရဲ့ အိမ်ခန်းကို အခုလို ချွေးတစ်လုံး သံတစ်လုံးနဲ့ ဝိုင်းဝန်း သန့်ရှင်းပေးတယ်ဆိုတဲ့ ကိစ္စမျိုးက သူ လုပ်လေ့လုပ်ထရှိတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး။

ယူအီချီဟာ ကြမ်းပြင်ပေါ်က ကူရှင်တစ်ခုခုပေါ်မှာ အကျအနထိုင်ကာ ကျွန်မ ယူလာပေးတဲ့ ဖန်ခွက်ထဲက လက်ဖက်ရည်ကို သောက်ရင်း (လက်ဖက်ရည် ထည့်သောက်တဲ့ ပန်းကန်လုံးတွေက မရှိတော့ပါဘူး) လှမ်းပြောတယ်။

'ဒါက မိခါဂျီရဲ့ အရင် မီးဖိုချောင်ဟောင်းပေါ့လေ။ တော်တော်လေး ကောင်းခဲ့မယ့်ပုံပါပဲ'

'ဟုတ်တယ်' လို့ ကျွန်မ ပြန်ပြောလိုက်တယ်။ ကျွန်မဟာ လက်ဖက်ရည် ထည့်ထားတဲ့ ပန်းကန်လုံးကို လက်နှစ်ဖက်နဲ့ကိုင်ပြီး သောက်နေတာမို့ လက်ဖက်ရည်သောက် အခမ်းအနားတွေမှာ သောက်တတ်တဲ့ ပုံစံနဲ့ တူနေပါတယ်။

ပတ်ဝန်းကျင်က တိတ်ဆိတ်နေတယ်။ ဖန်ပေါင်းချောင်တစ်ခုထဲမှာ ရောက်နေသလိုမျိုးပါပဲ။ အပေါ်ကို မော့ကြည့်တော့ တိုင်ကပ်နာရီအစား အဲဒီနာရီက ချန်ထားရစ်ခဲ့တဲ့ အဝိုင်းပုံစံ အကွက်တစ်ခုကိုပဲ မြင်ရပါတယ်။

'ဘယ်အချိန်ရှိပြီလဲ' လို့ ကျွန်မ မေးလိုက်တယ်။

'သန်းခေါင်တိုင်လောက်ပြီ ထင်တယ်' လို့ ယူအီချီက ပြန်ပြော



mgyoe.com
SAMPLE BOOK

ပါတယ်။

'အဲဒါကို ဘယ်လိုလုပ်ပြီး ပြောနိုင်တာတုံး'

'အပြင်မှာ အရမ်းမှောင်၊ အရမ်းလည်း တိတ်ဆိတ်နေပြီလေ'

'ဒီလိုဆို တို့က ညဘက်မှာ ထွက်ပြေးသူပေါ့နော်'

'ကျွန်တော်တို့ရဲ့ ပြောလက်စ စကားကို ဆက်ပြောကြအောင်ဗျာ။ ကျွန်တော်တို့ရဲ့ အိမ်ကနေ ထွက်ပြေးဖို့လည်း မီခါဂျီ ကြံစည်နေတယ် မဟုတ်လား။ ကျွန်တော်တို့ကို ထားပြီး ထွက်မသွားပါနဲ့ဗျာ'

ကျွန်မ သူ့ကို ဇဝေဇဝါနဲ့ ကြည့်လိုက်တယ်။ သူ ပြောလိုက်တဲ့ စကားက ကျွန်မတို့ရဲ့ ပြောလက်စ စကားလုံး မဟုတ်ပါဘူး။

'ကျွန်တော်လည်း ကျွန်တော့်အမေလိုပဲ စိတ်ထဲရှိရာ လုပ်တတ်၊ ပြောတတ်တယ်လို့များ မီခါဂျီ ထင်သွားသလား မသိဘူး။ တကယ်တော့ မီခါဂျီကို အိမ်မှာလာနေဖို့ ဖိတ်ခေါ်တုန်းက အရမ်းကို သေသေချာချာ စဉ်းစားပြီးမှ ကျွန်တော် ဖိတ်ခေါ်ခဲ့တာပါ။ မီခါဂျီရဲ့ဘွားဘွားက မီခါဂျီ အတွက် အရမ်းကို စိတ်ပူခဲ့တာ။ ပြီးတော့ ဒီလောကကြီးထဲမှာ မီခါဂျီ ကို အကောင်းဆုံး နားလည်နိုင်တာ ကျွန်တော်တစ်ယောက်ပဲ ရှိတယ်လို့ ကျွန်တော့်ဘာသာ ထင်မြင်မိတာကလည်း တစ်ကြောင်းပေါ့။ ပြန်ပြီး စိတ်ချမ်းသာလာတဲ့အခါမှာ မီခါဂျီ လုပ်ချင်တာကို လုပ်မှာပဲ ဆိုတဲ့ အချက်ကိုလည်း ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ကျွန်တော် တို့ဆီကနေ ပြောင်းရွှေ့မယ်ဆိုရင်တော့ မှားပါလိမ့်မယ်။ ဒီလို စကားမျိုး ကို ပွင့်ပွင့်လင်းလင်း ပြောမယ့်သူဆိုရင်လည်း ကျွန်တော် တစ်ယောက်ပဲ ရှိပါတယ်။ ကျွန်တော့်အမေ အလုပ်တွေ ပင်ပင်ပန်းပန်းလုပ်ပြီး စုဆောင်း ခဲ့တဲ့ငွေဟာ အခုလို အချိန်အခါမျိုးမှာ သုံးဖို့အတွက်ပါ။ သစ်သီးဖျော်စက် ဝယ်ဖို့ တစ်ခုတည်းအတွက် မဟုတ်ပါဘူး'

ဒီနေရာမှာ ယူအီချီက စကားစကို ဖြတ်ပြီး ရယ်လိုက်တယ်။ ပြီး တော့ ဆက်ပြောတယ်။

'ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ အတူနေပါဗျာ။ စိတ်အေးလက်အေး သာ နေစမ်းပါ'

သူက ကျွန်မရဲ့ မျက်လုံးတွေကို စိုက်ကြည့်ပြီး ပြောနေခဲ့တာ ဖြစ် တယ်။ လူသတ်သမား တစ်ယောက်တောင် အပြစ်ဝန်ခံချင်စိတ် ပေါက်

mgyoe.com SAMPLE BOOK
လောက်တဲ့ ရိုးသားပွင့်လင်းမှုမျိုးကို သူ့ရဲ့ပြောပုံဆိုပုံထဲမှာ အထင်သား မြင်နိုင်ပါတယ်။

ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။

'ကဲ ... ဘာပဲပြောပြော ကြမ်းပြင်ကို ပြီးပြတ်အောင် ဆက်ပြီး တိုက်လိုက်ဦးမယ်ဗျို့' လို့ သူက ကြေညာလိုက်တယ်။

လက်ဖက်ရည်သောက်ထားတဲ့ ခွက်တွေကို ကျွန်မ ဆေးကြော နေခိုက်မှာ ယူအီချီ သီချင်းညည်းတဲ့ အသံကို ကျွန်မကြားရပါတယ်။ သူ့ရဲ့အသံဟာ ရေပိုက်ခေါင်းက ကျတဲ့ ရေသံနဲ့ ရောသွားတယ်။

'... လရိပ်တွေကို နှောင့်ယှက်မိမှာ စိုးရိမ်သွားတဲ့အခါ ငါ့ရဲ့ လှေကို အငူထိပ်မှာ ကမ်းကပ်ခဲ့ရတာ ...'

'အိုး ... တို့လည်း အဲဒီသီချင်းကို သိတယ်။ သီချင်းနာမည်က ဘာပါလိမ့်။ အဲဒီသီချင်းကို သိပ်ကြိုက်တာပဲ။ ဘယ်သူ ဆိုခဲ့တာပါလိမ့်' လို့ ကျွန်မ ပြောလိုက်တယ်။

'အင်း ... မိုမိုကို ဆာကပုချိ ဆိုခဲ့တာလေ။ တစ်ခါ နားထောင် ပြီးရင် စွဲနေရောပဲ။ ဟုတ်တယ် မဟုတ်လား' လို့ ယူအီချီက ပြောပြီး ပြုံးနေတယ်။

'ဟုတ်တယ်၊ ဟုတ်တယ်'

ဒီလိုနဲ့ ကျွန်မက လက်ဆေးဇလုံကို တိုက်ချွတ်၊ ယူအီချီက ကြမ်းပြင်ကို တိုက်ချွတ်ရင်း နှစ်ယောက်သား သီချင်းပြိုင်တူ ဆိုခဲ့ကြတယ်။ ညကြီးမင်းကြီး တိတ်ဆိတ်နေတဲ့ မီးဖိုချောင်ထဲမှာ ကိုယ့်ရဲ့ သီချင်းဆိုသံ ကိုယ်ပြန်ကြားရတာ အရမ်းကို ပျော်စရာပါ။

'ဒီအပိုဒ်က တို့အကြိုက်ဆုံးအပိုဒ်ပဲ' လို့ ကျွန်မ လှမ်းအော်ပြောလိုက်ပြီး ဒုတိယအပိုဒ်ကို ဆိုလိုက်ပါတယ်။

'... ဟိုးအဝေးဆီမှာတော့ မီးပြတိုက်ကြီး တစ်ခုပေါ့
ဟောဒီညထဲက တို့နှစ်ယောက်အတွက်ကတော့
မီးပြတိုက်ရဲ့ ဆလိုက်မီးရောင်ဟာ
သစ်ကိုင်းတွေကြားက ထိုးဖောက်လာတဲ့နေရောင်ခြည်ပါ ...'

ကျွန်မတို့ နှစ်ယောက် စိတ်အားထက်သန်လာပြီး အဲဒီအပိုဒ်ကို နောက်တစ်ကြိမ် အော်ဆိုကြတယ်။


mgyoe.com

mgyoe.com
'ဟိုးအဝေးဆီမှာတော့ မီးပြတိုက်ကြီး တစ်ခုပေါ့ ... ဟောဒီည ထဲက တို့နှစ်ယောက်အတွက်ကတော့ မီးပြတိုက်ရဲ့ ဆလိုက်မီးရောင် ဟာ သစ်ကိုင်းတွေကြားက ထိုးဖောက်လာတဲ့ နေရောင်ခြည်ပါ ...'

ကျွန်မဟာ တကယ်ကိုပဲ အသံပြဲနဲ့ အော်ဆိုနေခဲ့တာပါ။ အဲဒီ နောက် တစ်စုံတစ်ခုကို ကျွန်မ သတိရလိုက်ပြီး ယူအီချီကို လှမ်းပြော လိုက်တယ်။

'ဟေ့ ... နေဦး။ တို့ ဒီလိုအော်နေရင် ဟိုဘက်အခန်းမှာ အိပ် ပျော်နေတဲ့ ဘွားဘွား လန့်နိုးသွားလိမ့်မယ်'

အခုလောက် ဆိုရင်တောင် ဘွားဘွား နိုးသွားလောက်ပြီလို့ ကျွန်မ တွေးလိုက်မိတယ်။

ယူအီချီလည်း အဲသလိုပဲ ခံစားလိုက်ရပုံရတယ်။ ကြမ်းတိုက်တာ ကို ဆတ်ခနဲ ရပ်လိုက်ပြီး ကျွန်မကို လှည့်ကြည့်တယ်။ သူ့ရဲ့အကြည့်က တို့တော့ ဒုက္ခရောက်ပြီဆိုတဲ့ အကြည့်မျိုး။ ကျွန်မလည်း ရှက်ကိုး ရှက် ကန်း ပြန်ကြည့်ပြီး ပြုံးဖြဲဖြဲ လုပ်နေလိုက်တယ်။

နူးနူးညံ့ညံ့ ကြင်ကြင်နာနာ ကျွေးမွေး စောင့်ရှောက်ခံခဲ့ရတဲ့ အီရီ ကိုရဲ့ သားဟာ ရတ်တရက်ဆိုသလိုပဲ အင်မတန် သဘောကောင်းတဲ့ မင်းသားလေးတစ်ယောက် ဖြစ်လို့လာပါတယ်။ 'ကျွန်တော်တို့ ဒီမှာ ရှင်းလင်းပြီးရင် ပန်းခြံထဲက ရာမင် ခေါက်ဆွဲဆိုင်ကို သွားရအောင်' လို့ ကျွန်မကို ပြောပါတယ်။

* * *

အိပ်မက်ကနေ ကျွန်မ ဖျတ်ခနဲ နိုးလာပါတယ်။

ကျွန်မ အိပ်ရာစောစောဝင်လေ့ မရှိဘူးဆိုတာ ဟုတ်ပေမဲ့ အခုလို အိပ်မက် မက်တာကတော့ အိပ်ရာစောစောဝင်တာနဲ့ မဆိုင်ဘူး ထင်ပါ တယ်။ ကျွန်မ မီးဖိုချောင်ထဲကိုဝင်ပြီး ရေတစ်ခွက် သောက်လိုက်တယ်။ အိပ်မက်ကလည်း ဆန်းလိုက်တာလို့ တွေးနေမိတယ်။ ကျွန်မ ရင်ထဲမှာ စိမ့်ပြီးအေးနေတယ်။ အီရီကို ပြန်မရောက်သေးဘူး။ မနက် နှစ်နာရီထိုး ပါပြီ။

အိပ်မက်ကြောင့် ဖြစ်ပေါ်လာတဲ့ခံစားမှုဟာ လတ်ဆတ်နေတုန်း ပါပဲ။ စတီးသားပေါ်ကိုကျလာတဲ့ ရေသံကို နားထောင်ရင်း မရေမရာ


mgyoe.com

mgyoe.com SAMPLE BOOK
စဉ်းစားမိတာက 'လက်ဆေးဇလုံကို ငါ အခု တိုက်ချွတ်ဆေးကြော နေရရင် ကောင်းမလား' ညက သေခြင်းတရားဆန်ဆန် တိတ်ဆိတ်နေတာမို့ ကောင်းကင်ထဲမှာ ရွှေ့လျားနေတဲ့ ကြယ်တွေရဲ့ အသံကိုတောင် ကျွန်မ ကြားရတယ်။ သောက်ရေက ခြောက်သွေ့နွမ်းလျနေတဲ့ ကျွန်မရဲ့ နှလုံးသားထဲကို စိမ့်ဝင်သွားတယ်။ အေးလိုက်တာ။ ခြေအိတ် မပါတဲ့ ကျွန်မရဲ့ ခြေထောက်တွေဟာ ခြေညှပ်ဖိနပ်တွေပေါ်မှာ တဆတ်ဆတ် တုန်နေကြတယ်။

* * *

'ဟိတ်'

ယူအိချိက ကျွန်မရဲ့နောက်ကနေ ရုတ်တရက် ခေါ်လိုက်တာကြောင့် ကျွန်မ ထခုန်မိတော့မတတ် ဖြစ်သွားတယ်။

'ဘာ ... ဘာတုံး' လို့ ကျွန်မ လှည့်မေးလိုက်တယ်။

'ကျွန်တော်လည်း ဗိုက်အရမ်းဆာပြီး အိပ်ရာကနေ နိုးလာတာ၊ အဲဒါ ရာမင်ခေါက်ဆွဲ လုပ်စားရ ကောင်းမလားလို့ တွေးနေတာ ...'

ယူအိချိ စကားပြောပုံက ဗလုံးဗထွေးနဲ့မို့ ကျွန်မရဲ့ အိပ်မက်ထဲမှာ တုန်းက ပြောပုံနဲ့ လုံးဝကွာခြားပါတယ်။ အိပ်ရာက ထလာတာမို့ သူ့ရဲ့ မျက်နှာကလည်း ပြည့်မောက်နေတယ်။ ကျွန်မရဲ့ မျက်နှာဟာလည်း ငိုထားခဲ့တာမို့ မို့မောက်နေတာပါပဲ။ 'တို့ လုပ်ပေးမယ်လေ။ တို့ရဲ့ ဆိုဖာပေါ်မှာ ထိုင်စောင့်နေ' လို့ ကျွန်မ ပြောလိုက်တယ်။

'ဩော် ... မိခါဂျိရဲ့ ဆိုဖာတဲ့လား'

သူက အဲသလို ရေရွတ်ပြီး ဆိုဖာပေါ်ကို ဝုန်းခနဲ ထိုင်ချလိုက်တယ်။

ညရဲ့မည်းနက်မှုထဲ ပေါလောမျောပါနေတဲ့ ဟောဒီ အခန်းငယ်ထဲက မီးဖိုချောင် မီးရောင်အောက်မှာ ရေခဲသေတ္တာကို ကျွန်မ ဖွင့်လိုက်ပါတယ်။ ဟင်းသီးဟင်းရွက်တွေကို ယူပြီး လှီးဖြတ်လိုက်တယ်။ ကျွန်မ ဘဝင်အကျဆုံးနေရာဖြစ်တဲ့ ဟောဒီမီးဖိုချောင်ထဲမှာ ကျွန်မ ရုတ်တရက် စဉ်းစားမိတယ်။ 'ရာမင် ခေါက်ဆွဲ'တဲ့။ တိုက်ဆိုင်လိုက်တာနော်။ ယူအိချိကို လှည့်မကြည့်ဘဲ ကျွန်မ ပြောလိုက်တယ်။

'တို့ရဲ့ အိပ်မက်ထဲမှာလည်း တို့နှစ်ယောက် ရာမင်ကို စားချင်နေကြတာ'



mgyoe.com